ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday 20 March 2018 ၉၂၃၄

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဩစတြေးလျမနေသဟာယနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

## ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မှုများကို ဆွေးနွေး

ကင်ဘာရာ မတ် ၁၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဩစတြေးလျမနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကင်ဘာရာမြို့ရှိ ဩစတြေးလျမနေသဟာယနိုင်ငံ လွှတ်တော်ဝင်းအတွင်း ကျင်းပသည်။**

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဩစတြေးလျမနေသဟာယ နိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

**ဂုဏ်ပြုကြိုဆို**

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့က အမြောက် ၁၉ ချက် ပစ်ဖောက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကာ နှစ်နိုင်ငံခေါင်းဆောင်များက နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**သီးသန့်တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်တို့သည် ဩစတြေးလျမနေသဟာယ နိုင်ငံလွှတ်တော်ရှိ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျမနေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## အိန္ဒိယနိုင်ငံမှ YDM - 4 ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၈ ခေါင်း လွှဲပြောင်းပေးအပ်

စာ » ၂

## မဟာမဲခေါင်ဒေသခွဲ စကြုံလမ်းတစ်လျှောက်ရှိမြို့များ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူရန် လွှတ်တော်က သဘောတူ

စာ » ၅

## မြန်မာ့ရေထွက်ကုန်များ ဆော်ဒီအာရေဗျနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေး ဆွေးနွေးလျက်ရှိ

နေပြည်တော် မတ် ၁၉

**မြန်မာ့ရေထွက်ကုန်များ ဆော်ဒီအာရေဗျနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ သံရုံးမှ နိုင်ငံရေးနှင့် စီးပွားရေးရာအကြီးအကဲဖြစ်သူနှင့် ဆွေးနွေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။**

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❂



## ကြေးမုံ

# အမှန်တရားဖြင့် ရလဒ်ကောင်းများယူ

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများအား မီဒီယာများမှ တစ်ဆင့် ပြည်တွင်း၊ ပြည်ပတွင် ပကတိဖြစ်စဉ်မှန်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများသည် ရခိုင်ပြည်နယ် မောင်တောဒေသ၌ ကွင်းဆင်းသတင်းရယူနေကြပြီဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဒေသနေ အခြားဘာသာဝင်များအား လက်ရှိအခြေအနေနှင့် ဖြစ်စဉ်အမှန်များအား တွေ့ဆုံမေးမြန်းခဲ့ကြသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ကျေးရွာများနှင့် ဌာနများသို့သွားရောက်၍ နေအိမ်များ တည်ဆောက်ပေးနေမှု၊ လက်ရှိနေထိုင်စားသောက်မှု၊ ပြန်လည်နေရာချထားမှု၊ ပြန်လည်ထူထောင်မှု၊ ပြန်လည်လက်ခံမှု၊ အသိအမှတ်ပြုကတ် ရရှိမှုအပါအဝင် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များ ကြုံတွေ့ခဲ့ရသည့် အခြေအနေမှန်များနှင့် ၎င်းတို့ သိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မောင်တောဒေသ ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူဘာသာဝင်တို့က ယမန်နှစ်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ ၎င်းတို့အား ဖမ်းဆီးခေါ်ဆောင်သွားပြီး ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့မှုများနှင့် တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ရမှု အခြေအနေများကို သတင်းမီဒီယာများအား အမှန်အတိုင်းဖွင့်ဟပြောကြားခဲ့သည်။ ယမန်နှစ်ဖြစ်စဉ်တွင် ဟိန္ဒူဘာသာဝင် ၁၀၂ ယောက်အား အကြမ်းဖက်သမားများ သတ်ဖြတ်ခဲ့မှု၊ ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား အတင်းအဓမ္မဘာသာပြောင်းခိုင်းမှု၊ စော်ကားခံရမှု၊ အနိုင်ကျင့်ခြိမ်းခြောက်ခံရမှု၊ လိမ်ညာပြောဆိုခိုင်းမှု စသည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များကို ကြားသိခဲ့ရသည်။

ရခိုင်ပြည်နယ်မှ ဒုက္ခသည်များအရေးနှင့်ပတ်သက်၍ ယခင်ကလည်း ဖြစ်စဉ်အမှန်များကို မီဒီယာများမှတစ်ဆင့် ကြားသိခဲ့ကြရပြီး ဖြစ်သည်။ သို့သော် ပြည်တွင်းမှ ပျက်စီးရာပျက်စီးကြောင်း အသိပေးပြောကြားမှုများ၊ တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းမှ အစွန်းရောက်အကြမ်းဖက်သမားများနှင့် ဆက်နွယ်ပတ်သက်သူများနှင့် ခြိမ်းခြောက်ခံရသူများ၊ လှည့်ဖြားစည်းရုံးခံရသူများ၏ မမှန်သတင်းပြောကြားမှုများ၊ မုသားစကားပြောကြားမှုများကို နိုင်ငံတကာမီဒီယာများက သတင်းအဖြစ်ရယူပြီး ကမ္ဘာသို့ ထုတ်ပြန်ပေးမှုများမှာ ဖြစ်စဉ်အမှန်များအပေါ် ဖုံးလွှမ်းသွားခဲ့သည်။ အကျိုးဆက်မှာ ယင်းမမှန်သတင်းများကို လက်ခံခဲ့သည့် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ကုလသမဂ္ဂအပါအဝင် အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အကြိမ်ကြိမ်အခါခါ ဖိအားပေးမှုများ၊ အကျပ်ကိုင် တောင်းဆိုမှုများ ပြုလုပ်နေခြင်းနှင့် ကြုံတွေ့နေရသည်။

အမှန်တရားကို မဖော်ထုတ်နိုင်မီ မမှန်တရားများ လွှမ်းမိုးခြင်းကြောင့် အမှန်ကို အမှား မှတ်ယူကြသည်မှာ လောကသဘာဝဟုပင်ဆိုရမလို ဖြစ်သည်။ လောကကျင့်ဝတ်၊ လုပ်ငန်းကျင့်ဝတ်အရ မမှန်သတင်း ဖြန့်ချိသည့် ဌာနများ၊ မမှန်သတင်းကိုလက်ခံကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် စိတ်ရင်းမှန်ကန်ပါက အမှန်တရားကိုပြန်လည်ရှာဖွေ ဖော်ထုတ်လေ့လာခြင်းဖြင့် တည့်မတ်ကြရန် လိုအပ်သည်။ လူသားချင်းစာနာထောက်ထားမှုကို ခမ္မမိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ဖို့ လိုအပ်သည်။

မည်သို့ပင် မမှန်တရားကို ဆိုစေကာမူ ရခိုင်ပြည်နယ်အတွင်း အစဉ်အဆက်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ ဆင်းရဲဒုက္ခများအား မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သောလမ်းကြောင်းပေါ်တွင် ရပ်တည်၍ ကိုယ့်ခွန်ကိုယ့်အားနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် မှန်ကန်မှုကို လက်တွေ့သက်သေပြမည် ဖြစ်သည်။ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှု၊ သဟဇာတဖြစ်မှုတို့ဖြင့် ပဋိပက္ခများ ရေရှည်ကင်းဝေးစေရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လူသားချင်း စာနာထောက်ထားမှု အမှန်တကယ်ရှိလိုပါမူ မှန်ကန်သည့် သတင်းအချက်အလက်များကိုရယူ၍ လက်တွေ့ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ ရလဒ်ကောင်းဖြစ်ပါကြောင်း။ ။

# အိန္ဒိယနိုင်ငံမှ YDM - 4 ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၈ ခေါင်း လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသို့ အိန္ဒိယနိုင်ငံ RITES Ltd. မှ YDM - 4 ဒီဇယ်လျှပ်စစ်စက်ခေါင်း ၁၈ ခေါင်း လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ဘူတာကြီးရှိ အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။



အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အိန္ဒိယနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E Mr. Rajen Gohain၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်မျိုးနှင့် ဦးသာဦး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr.Vikram Misri အိန္ဒိယနိုင်ငံ RITES Ltd. မှ နည်းပညာပိုင်းဆိုင်ရာ ဒါရိုက်တာ Mr. Mukesh Rathore၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လွှဲပြောင်းလက်ခံသည့် အိန္ဒိယနိုင်ငံထုတ် ရထားစက်ခေါင်း ၁၈ ခေါင်းကို အိန္ဒိယနိုင်ငံ EXIM Bank ချေးငွေဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း၊ လူစီးရထားများအတွက်သာမက ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများစွာအတွက် အဓိကအားထား သုံးစွဲသွားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။



ထို့နောက် အိန္ဒိယနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E Mr. Rajen Gohain နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Vikram Misri တို့က အမှာစကား ပြောကြားကြသည်။

အိန္ဒိယနိုင်ငံ RITES Ltd. မှ မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးသည့် စက်ခေါင်းများသည် Micro Controller Based Control, Fuel Efficient ALCO အင်ဂျင်များ တပ်ဆင်ထားခြင်း၊ Control Unit တွင် တယ်လီဖုန်း ဆင်းကတ်များ ထည့်ထားပြီး စက်ခေါင်းရောက်ရှိရာနေရာ၊ မောင်းနှင်နေသည့် မိုင်နှုန်း အပါအဝင် စက်ခေါင်း၏ အင်ဂျင် Control ပိုင်းဆိုင်ရာအခြေအနေကို မိခင်စက်ရုံ တယ်လီဖုန်း ဟန်းဆက်မှတစ်ဆင့် ဒေါင်းလုတ်ဆွဲယူ ကြည့်ရှုစစ်ဆေးနိုင်ခြင်း၊ စက်ခေါင်းစက်ရုံရောက်ရှိချိန်တွင် Control Unit နှင့် လက်တော့ပ်ကွန်ပျူတာ ချိတ်ဆက်ပြီး စက်ခေါင်းနှင့်ပတ်သက်သည့် အချက်အလက်များ ရယူနိုင်ခြင်း၊ Fault Code များ ကြည့်ရှုစစ်ဆေးနိုင်ခြင်းတို့ကြောင့် ယခင်စက်ခေါင်းများထက် ပိုမိုအားသာသည့် စက်ခေါင်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီဇယ်လျှပ်စစ်စက်ခေါင်းများသည် ပထမအသုတ်အဖြစ် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ခြောက်ခေါင်း၊ ဒုတိယအသုတ်အဖြစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ခြောက်ခေါင်း၊ နောက်ဆုံးအသုတ်အဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ခြောက်ခေါင်း စုစုပေါင်း ၁၈ ခေါင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ရောက်ရှိလာသည့် စက်ခေါင်းများအား ရန်ကုန်- မန္တလေး လမ်းပိုင်း၊ မန္တလေး - မြစ်ကြီးနား လမ်းပိုင်းနှင့် ရန်ကုန်- မော်လမြိုင် လမ်းပိုင်းများတွင် လူစီးရထားနှင့် ကုန်ရထားများ၌ ပြေးဆွဲအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၄၀၀၀ | - | ၉၃၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၄၀၀၀ | - | ၉၃၄၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၂၀/၈၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၅/၇၅၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၂. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၇၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၉၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၇၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၀. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁. ၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**လယ်ဝေး မတ် ၁၉**

မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများကို မတ်လ ဒုတိယပတ်က လယ်ဝေးမြို့မရဲစခန်း၌ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းမြတ်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်း၊ မိသားစုနေအိမ်လိုင်းခန်းများအား မီးသုံးစွဲမှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျနေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန် တန်ဘဲလ်နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**တက်ရောက်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဝန်ကြီးချုပ်တို့သည် လွှတ်တော်ဧည့်ခန်းမ၌ မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနေသဟာယ နိုင်ငံ အတိုက်အခံလေဘာပါတီ ခေါင်းဆောင် Mr. Bill Shorten နှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအလားအလာများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနေသဟာယနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် National Arboretum သို့ရောက်ရှိပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ - ဩစတြေးလျ ချစ်ကြည်ရေးခရီးစဉ်အထိမ်းအမှတ် Pinus roxburghii ( chir pine)ပင်ကို စိုက်ပျိုးပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Albert Hall ၌ ဩစတြေးလျနေသဟာယနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာအသိုက်အဝန်းနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံသည်။

**ငြိမ်းချမ်းရေး**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါလုပ်ငန်းများတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများအနေဖြင့် တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီပံ့ပိုးရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံမတ်ကြီး ဦးသာအောင်ညွန့်က ဩစတြေးလျနေသဟာယနိုင်ငံရှိ မြန်မာအသိုက်အဝန်းမှ ရခိုင်ပြည်နယ်အတွင်းရှိ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးအတွက် လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

**ပြန်လည်ရှင်းလင်း**

ညပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားကြသည့် ဩစတြေးလျကုန်သည်ကြီးများအသင်းဝင် ကုမ္ပဏီကြီးများက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်တို့က မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် ဩစတြေးလျ စီးပွားရေးကုမ္ပဏီကြီးများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။


**သတင်းစဉ်**



ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားကြသည့် ဩစတြေးလျကုန်သည်ကြီးများအသင်းဝင် ကုမ္ပဏီကြီးများက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

ကြေးမုံ
မတ် ၂၀၊ ၂၀၁၈

# သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ပူတင်ထံသို့ တရုတ်သမ္မတက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့



**ပေကျင်း မတ် ၁၉**

ရုရှားသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဗလာဒီမာပူတင်ထံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြသည့် သဝဏ်လွှာတစ်စောင်ကို မတ် ၁၉ရက်တွင် ပေးပို့လိုက်ကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

မကြာသေးမီနှစ်များအတွင်း ရုရှားပြည်သူများသည် နိုင်ငံတော်အင်အားခိုင်မာတောင့်တင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့် လမ်းကြောင်းအတိုင်း တိုးတက်အောင် စုစုစည်းစည်းလျှောက်လှမ်းနိုင်ခဲ့ကြကြောင်း၊ နိုင်ငံတော်ကြီး တစ်ကျော့ပြန် အားသစ်လောင်းစေရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရုရှားပြည်သူတို့ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ရုရှားနိုင်ငံသည် နိုင်ငံတကာရေးရာများတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိနေကြောင်း သမ္မတရှီက ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြထားသည်။

တရုတ်-ရုရှားဆက်ဆံရေး မြှင့်တင်နိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် တရုတ်နိုင်ငံက ဆန္ဒပြုကြောင်း သမ္မတရှီ၏ သဝဏ်လွှာတွင် ဖော်ပြသည်။

ရုရှားသမ္မတရွေးကောက်ပွဲ၌ စံချိန်တင် အနိုင်ရရှိခဲ့သူ ပူတင်သည် နောက်ထပ် ခြောက်နှစ်တာမျှ အာဏာကို ရယူနိုင်တော့မည်ဖြစ်သည်။

ရွေးကောက်ပွဲ၏ အပြီးသတ် မဲရလဒ်ကို မတ် ၁၉ ရက်က ထုတ်ပြန်ကြေညာရာတွင် ပူတင်က မဲအရေအတွက်၏ ၇၆ ဒသမ ၆ ရာခိုင်နှုန်းရရှိကြောင်း၊ ယင်းမှာ ပူတင်အနေဖြင့် ကျင်းပခဲ့ပြီး ရွေးကောက်ပွဲများအနက် ထောက်ခံမဲအများဆုံး ရရှိခြင်းဖြစ်ကြောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ရေးသားဖော်ပြသည်။

ရွေးကောက်ပွဲ၌ ကွန်မြူနစ်သမ္မတလောင်း ပါဗယ်ဂရူဒီနင်က မဲအရေအတွက်၏ ၁၁ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ အမျိုးသားရေး အစွန်းရောက်ဝါဒီ ဗလာဒီ ဇိုင်ယင်နော့ဗ်စကီးက ၅ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် လည်းကောင်း၊ လစ်ဘရယ်ဝါဒီရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူ ကေဆန်နီယာဆော့ချက်က ၁ ဒသမ ၆ ရာခိုင်နှုန်းဖြင့် စတုတ္ထနေရာတွင် လည်းကောင်း ရပ်တည်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## လက်နက်မှောင်ခိုမှု သံသယဖြင့် ပြင်သစ်ကောင်စစ်ဝန်ရုံးမှ အလုပ်သမားကို ဖမ်းဆီး

**ဂျေရုဆလင် မတ် ၁၉**

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ ပြင်သစ်ကောင်စစ်ဝန်ရုံးမှ ပြင်သစ်လူမျိုး အလုပ်သမားတစ်ဦးအား ဂါဇာမှအနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းတို့ထံ လက်နက်မှောင်ခိုတင်ပို့မှုတွင် ပါဝင်ပတ်သက်မှု သံသယဖြင့် ဖမ်းဆီးလိုက်ကြောင်း အစ္စရေးပြည်တွင်းလုံခြုံရေး အေဂျင်စီက မတ် ၁၉ ရက်တွင် ပြောကြားသည်။

ရိုမိန်းဖရန့်အမည်ရှိ ပြင်သစ်နိုင်ငံသားကို ဖေဖော်ဝါရီ ၁၅ ရက်က ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။ ယင်းအမှုနှင့်စပ်လျဉ်း၍ မတ်လ ၁၉ ရက်အထိ အများပြည်သူတို့အား ထုတ်ပြန်ကြေညာခြင်းမပြုရန် တရားသူကြီးက တားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ လက်နက်မှောင်ခိုမှုသည် လူပေါင်းကိုးဦး ပါဝင်ပတ်သက်သည့် မှောင်ခိုဂိုဏ်းတစ်ခုဖြစ်ကြောင်း၊ ယင်းကိုးဦးအနက် ခြောက်ဦးကို မတ် ၁၉ ရက်တွင် စွဲချက်တင်မည်ဟု အစ္စရေးရှင်းဘက်လုံခြုံရေးအဖွဲ့က ပြော ကြားသည်။

ပြင်သစ်နိုင်ငံသား ကောင်စစ်ဝန်ရုံးဝန်ထမ်း ဖရန့်သည် ယင်းမှောင်ခိုမှုတွင် ငွေကြေးအကျိုးအမြတ်ရလိုမှုသက်သက်ဖြင့်သာ ဝင်ရောက်လုပ်ဆောင်ခဲ့သည်ဟု စုံစမ်းစစ်ဆေးချက်များက ရှင်းလင်းစွာဖော်ပြခဲ့ကြောင်း ရှင်းဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# သြစတြေးလျ အရှေ့တောင်ပိုင်း၌ တောမီးလောင်ကျွမ်း၊ လူနေအိမ်များစွာ ပျက်စီး

**ဆစ်ဒနီ မတ် ၁၉**

**သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသတွင် တောမီးများလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် မီးသတ်သမားများက မတ် ၁၉ရက်တွင် ဆက်လက်ကြိုးပမ်းနေကြောင်း၊ လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်နှစ်ရက်အတွင်း တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေ ၁၀၀ ကျော် မီးလောင်ပျက်စီးခဲ့ရကြောင်း၊ အလွန်ပူပြင်းသော ဥတုနှင့် လေပြင်းများတိုက်ခတ်မှုများက တောမီး ပြင်းထန်စွာလောင်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ နယူးဆောက်ဝေးပြည်နယ်တွင် ၄၀ ဒီဂရီဆဲစီးယပ်စ်မျှ အပူချိန်မြင့်တက်နေပြီး တစ်နာရီလျှင် ကီလိုမီတာ ၉၀ ကျော်နှုန်းအထိ လေပြင်းတိုက်ခတ်နေခြင်းကြောင့် ယင်းဒေသတွင်းရှိ သေးငယ်သောမြို့နယ်ကလေးဖြစ်သည့် တာသာရာမြို့မှာ တောမီး၏ ပထမဦးဆုံး ဝါးမျိုမှုကို တွေ့ကြုံခဲ့ရသည်။

မိမိတို့မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူတို့၏အိုးအိမ်များ မဆုံးရှုံးစေရေးအတွက်စောင့်ရှောက်ကာကွယ်ပေးခဲ့ကြောင်း၊ ချုံနွယ်ပိတ်ပေါင်းထူထပ်သည့် နယ်မြေမှာ ယမန်နေ့ညအထိ မီးလောင်ကျွမ်းမှုမရှိခဲ့သော်လည်း ယနေ့နံနက်တွင် တောင်ကုန်း ထူထပ်သော မြေပြင်အခြေအနေဖြစ်သဖြင့် မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ကြောင်း နယူးဆောက်ဝေးကျေးလက် မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ မက်သယူးရီးဗ်က ပြောကြားသည်။

ဒေသခံပြည်သူများသည် အနီးနားရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူဦးရေ ၃၀၀၀ နီးပါးနေထိုင်သည့် ယင်းအရပ်ဒေသ၌ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေ ၇၀ ကျော်မီးလောင်ပျက်စီးခဲ့ကြောင်း ပျက်စီးဆုံးရှုံးမှုများ ခန့်မှန်းချက်အစီရင်ခံစာတွင် ဖော်ပြသည်။



သြစတြေးလျနိုင်ငံ ဝိတိုရိယပြည်နယ်တွင်လည်း လူနေအိမ်ခြေ ၁၈ လုံးထက်မနည်း တောမီး ကူးစက်လောင်ကျွမ်းနေကြောင်း၊ မိုးကြိုးပစ်မှုများကြောင့် မြက်ခင်းဒေသတွင် တောမီးလောင်ကျွမ်းရပြီး မတ် ၁၇ ရက် ညနေခင်းနောက်ပိုင်း ဧရိယာဟက်တာ ၄၀၀၀၀ကျော်မီးကူးစက်လောင်ကျွမ်းခဲ့ပြီးဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**



# ဗင်နွာတူနိုင်ငံ အမ်ဘေးကျွန်းရှိ မီးတောင် ပိုမိုလှုပ်ရှားလာနေပြီး ပြာမှုန်များမှုတ်ထုတ်

**ဆူးဗား မတ် ၁၉**

ဗင်နွာတူနိုင်ငံ အမ်ဘေးကျွန်းရှိ မီးတောင်တစ်လုံးသည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း တစ်စစ ပိုမိုလှုပ်ရှားလာနေကြောင်း၊ အဆိုပါ မီးတောင်မှ မှုတ်ထုတ်သော ပြာမှုန်များသည် ယင်းကျွန်း၏ အနောက်ဘက်နှင့် တောင်ဘက်တို့သို့ လွင့်မျောကျရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အမ်ဘေးကျွန်း၏ အနောက်ပိုင်းနှင့်တောင်ပိုင်း အရပ်များ၌ နေထိုင်သူ ဒေသခံများသည် မီးတောင်ပြာမှုန်များ ကျရောက်လာသည့် ဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရကြောင်း၊ မီးတောင်ပြာမှုန်များ ကျရောက်မှုကြောင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးကို လည်းကောင်း၊ ၎င်းတို့ မွေးမြူထားသော တိရစ္ဆာန်များကိုလည်းကောင်း၊ စိုက်ပျိုးထားသော စိုက်ခင်းများကိုလည်းကောင်း ထိခိုက်စေနိုင်ကြောင်း ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်များ လေ့လာရေးဌာနမှ မာလင်ဒါ အာရူက ပြောကြားသည်။

မီးတောင် လှုပ်ရှားမှုများကြောင့် နေအိမ်များကို စွန့်ခွာကာ တစ်လကြာမျှ ဘေးလွတ်ရာ၌ နေထိုင်ခဲ့ကြသူများသည် ၎င်းတို့၏ နေအိမ်များရှိရာသို့ ပြန်လာခဲ့ကြသော်လည်း မတ် ၁၈ ရက်ညတွင် မီးတောင်ပေါက်ကွဲနိုင်မှု ဘေးအန္တရာယ် သတိပေးချက်ကို အဆင့်-၂ မှ အဆင့်-၃ သို့ မြှင့်တင်မှုကို တွေ့ကြုံရကြောင်း ၎င်းက ပြောကြားသည်။

ဘေးအန္တရာယ်သတိပေးချက် အဆင့်-၃ မှာ အသေးစားပေါက်ကွဲနိုင်သည့် အခြေအနေကို ရည်ညွှန်းသည်။

မီးတောင် ပိုမိုလှုပ်ရှားလာခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်နိုင်သော နယ်မြေသတ်မှတ်ချက်ကို မီးတောင်ထိပ်ဝရေအိုင် အနီးတစ်ဝိုက်မှ သုံးကီလိုမီတာအကွာအထိ တိုးချဲ့သတ်မှတ်ထားသည်။ **ဆင်ဟွာ။**

# မဟာမဲခေါင်ဒေသခွဲ စကြံလမ်းတစ်လျှောက်ရှိမြို့များ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူရန် လွှတ်တော်က သဘောတူ

**နေပြည်တော် မတ် ၁၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းကိုတင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ် ရန်ပုံငွေမှ ကျပ် ၆၄၂၆ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Neighbouring Countries Economic Development Cooperation Agency (NEDA)ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြရာတွင် NEDA အဖွဲ့အစည်းမှာ ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ၎င်း၏ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်မှာ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၂၀ စုစုပေါင်း ချေးငွေ သက်တမ်းမှာ နှစ် ၃၀ ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး အတိုးကို တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် စုစုပေါင်း အကြိမ် ၆၀ ပေးဆပ်ရန်နှင့် အရင်းငွေကို တစ်နှစ်လျှင်နှစ်ကြိမ်နှုန်းဖြင့် စုစုပေါင်း အကြိမ် ၄၀ ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ စုစုပေါင်းချေးငွေ၏ ၅၀ ရာခိုင်နှုန်းကို ထိုင်းကုန်စည်နှင့် ဝန်ဆောင်မှုများ အတွက် အသုံးပြုရန် သတ်မှတ်ချက်ထားရှိပါကြောင်း။

အဆိုပါ ချေးငွေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ကြီးဌာနမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်ပြီး အချိန်စေ့ရောက်သည့် နှစ်အလိုက် အတိုး၊ အရင်းပြန်လည်ပေးဆပ်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၎င်း၏ လမ်းအသုံးပြုခကောက်ခံရရှိမှု ရငွေများ အပါအဝင် ရငွေများဖြင့် ပြန်လည်ပေးဆပ်နိုင်ရန် စီစဉ်၍ ဘတ်ဂျက်သို့ ရငွေများ ပေးသွင်းခြင်း၊ ချေးငွေပေးဆပ်ရန် အသုံးစရိတ်များ တောင်းခံခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ NEDA ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံရယူနိုင်ရေးကိစ္စကို အတည်ပြုချက်ရယူ ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါချေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးခြင်းများအပေါ် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် စီးပွားဖြစ်ထွန်းမှုအပေါ် အခွန်ပေးဆောင်ထားမှုမရှိသော ငွေကြေးအမြောက်အမြား လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားကြခြင်းသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးများမဟုတ်ခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်လည်း ငြိစွန်းမှု မရှိခြင်းတို့ကြောင့် ၎င်းတို့က စိုးရိမ်ပူပန်မှုမရှိဘဲ ကိုင်ဆောင်နေကြသော်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် အခွန်ပေးဆောင်ထားမှုမရှိသဖြင့် ၎င်းငွေများကို သုံးစွဲ၍ မရပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လည်းကောင်း၊ ရွှေ့ပြောင်း၊ မရွှေ့ပြောင်းနိုင်သော အခြေခံပစ္စည်းများ ဝယ်ယူရာတွင်လည်းကောင်း တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်မှာ ဖြစ်ပါကြောင်း၊ ယင်းသို့ တိမ်မြုပ်နေသော ငွေပင်ငွေရင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေပါကြောင်း။

အခွန်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း မရှိသူများကို မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် အခွန်ဆိုင်ရာ အထောက်အကူပြုအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဖော်ထုတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသခွဲ စကြံလမ်းတစ်လျှောက်ရှိ မြို့များဖွံ့ဖြိုးမှုစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန် ဒေါ်လာ သန်း ၈၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ADB ၏ ချေးငွေဖြင့် ဆောင်ရွက်ရန် တင်ပြသည့် ဘားအံ၊ မြဝတီနှင့် မော်လမြိုင်မြို့တို့သည် မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစကြံလမ်းပေါ်တွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်မြို့နှင့် ထပ်မံဖွံ့ဖြိုးရန် အလားအလာရှိသည့် မြို့များဖြစ်သဖြင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်အရ မြို့သုံးမြို့ကို ရွေးချယ်လုပ်ဆောင်ရခြင်း ဖြစ်ပါကြောင်း၊ မြို့သုံးမြို့ရှိ ပြည်သူများအတွက် ရေကောင်းရေသန့်နှင့် ရေလုံလောက်စွာ ရရှိနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်စွန့်ပစ်စနစ်များ ပိုမိုကောင်းစေခြင်းနှင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း စသောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် မြို့ပြဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကို အထောက်အပံ့ဖြစ်စေခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

မဟာမဲခေါင်ဒေသခွဲ စကြံလမ်းတစ်လျှောက်ရှိ မြို့များဖြစ်သော မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ သက်သာမှုရှိသောချေးငွေ အမေရိကန် ဒေါ်လာ သန်း ၈၀ ရယူရေးကိစ္စအပေါ် လွှတ်တော်က အတည်ပြုချက်ရယူပေးနိုင်ပါရန် ဆွေးနွေးတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၅၃၃ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၃ မဲဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးစာတ်ခွဲမှုဆိုင်ရာဌာန အထွေထွေမွမ်းမံပြင်ဆင်ရန်နှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီထံမှ ချေးငွေ ယူရို ၂၂ သန်းနှင့် ထောက်ပံ့ငွေ ယူရို ၅ သန်းရယူလိုခြင်း**နှင့် စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးနှင့် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူရေးကိစ္စအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ ကန့်ကွက်ရန်မရှိသောကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီး သဘောတူကြောင်းကို ဆုံးဖြတ်ရပါကြောင်း၊ ချေးငွေကို အချိန်စေ့ရောက်သည့်နှစ်များအလိုက် အတိုး၊ အရင်းများ ပြန်လည်ပေးဆပ်မှုများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာ လမ်းပိုင်းများအလိုက် အသုံးပြုခကောက်ခံရရှိငွေများဖြင့် ပြန်လည်ပေးဆပ်နိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘတ်ဂျက်တွင် ရငွေများထည့်သွင်းခြင်း၊ ချေးငွေများပြန်လည်ပေးဆပ်ရန် ဘတ်ဂျက်အသုံးစရိတ် တောင်းခံခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်-ပုသိမ်လမ်း၊ ပဲခူး-သန်လျင်လမ်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့အား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၄၀၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ သန်း ၂၀ တို့ကို ရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် ဆွေးနွေးတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ဇာဟိုင်ရီ ဘင် ဘာဟာရင်းမ်အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မလေးရှားနိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ် ဘင် အဗ္ဗဒူလာရာမန် ၏နေရာတွင် မစ္စတာ ဇာဟိုင်ရီ ဘင် ဘာဟာရင်းမ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဇာဟိုင်ရီ ဘင် ဘာဟာရင်းမ်ကို ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် မလက်ကာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည်မလေးရှားနိုင်ငံ မာလာယာတက္ကသိုလ်မှ ဥပဒေဘွဲ့(ဂုဏ်ထူးတန်း)ကိုလည်းကောင်း၊ မလေးရှား ပြည်သူ့ရေးရာစီမံခန့်ခွဲမှု အမျိုးသားတက္ကသိုလ်မှ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဒီပလိုမာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၉၆ ခုနှစ်တွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လာအို၊ ကူဝိတ်နှင့် ကာတာနိုင်ငံများရှိ မလေးရှားသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ အကြီးတန်းလက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့ရှိ မလေးရှားမဟာမင်းကြီးရုံးတွင် သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ လက်ရှိအချိန်အထိ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဇာဟိုင်ရီ ဘင် ဘာဟာရင်းမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ - ၂၀၁၈

ဒေါက်တာသောင်းနိုင်ဦး
(သစ်တောသုတေသန)

သက်ရှိလောကတည်မြဲရေး၊ ရာသီဥတုသာယာမျှတရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရေး၊ သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့် လုပ်ငန်းများအတွက် သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍ ကို ကမ္ဘာ့ပြည်သူများအကြား အသိအမြင် တိုးပွားလာရေးအတွက် ရည်ရွယ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် A/C.2/67/L.4 ဖြင့် နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်သူများအကြား သစ်ပင်သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများတိုးပွားစေရန်အတွက်လည်းကောင်း၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်အတွက်လည်းကောင်း၊ သစ်ပင် သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန်အတွက်လည်းကောင်း ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တော များနေ့တွင် အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးက ကျင်းပကြမည်ဖြစ်သည်။

ယခုနှစ်အတွက် "သစ်တောများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ (Forests and Sustainable Cities)"ဟူ၍ ဦးတည်ချက် ချမှတ်ထားပြီး အထိမ်းအမှတ် အခမ်းအနားများကို အနှစ်သာရရှိစွာဖြင့် ကျင်းပရန် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂ သစ်တောဖိုရမ် (UNFF) စသည့် အဖွဲ့အစည်းများက အားပေးကူညီ တိုက်တွန်းလျက်ရှိသည်။

- ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် ချမှတ်ထားသော ဦးတည်ချက်အကြောင်းအရာအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)က သစ်တောများနှင့် မြို့ပြများ ဆက်စပ်မှုကို အောက်ပါအတိုင်း ဖော်ထုတ်ထားပါသည်-
- သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို ဖြစ်ပေါ်စေသည့် ကာဗွန်များကို သိုလှောင်ပေးခြင်းဖြင့် မြို့ပြပတ်ဝန်းကျင်ကို အေးမြသာယာစေခြင်း၊
- သစ်ပင်များကို မြို့ပြများတွင် စနစ်တကျ စိုက်ပျိုးထားပါက အပူချိန် ၈ ဒီဂရီ ဆဲလ်စီးယပ်အထိ လျှော့ချနိုင်ပြီး မြို့ပြဝန်းကျင် အေးမြသာယာကာ လေအေးပေးစက် လိုအပ်ချက် ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်း၊
- မြို့ပြ၊ ကျေးရွာများတွင် သစ်ပင်သစ်တောများစနစ်တကျ စိုက်ပျိုး ထိန်းသိမ်းထားခြင်းဖြင့် အနီးပတ်ဝန်းကျင် ရာသီဥတုသာယာမျှတ အေးမြကာ အပူအတွက် စွမ်းအင်သုံးစွဲရမှု ၂၀ မှ ၅၀ ရာခိုင်နှုန်း အထိ လျှော့ချနိုင်ခြင်း၊
- မြို့ပြ၊ ကျေးရွာပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများစနစ်တကျ စိုက်ပျိုးထိန်းသိမ်းထားခြင်းဖြင့် နေ့စဉ်ချက်ပြုတ်ခြင်း၊ အပူပေးခြင်း လုပ်ငန်းများအတွက် ပြန်ပြည့်မြဲစွမ်းအင် ထင်းလောင်စာများ လုံလောက်စွာရရှိနိုင်ပြီး သဘာဝတောအပေါ် မှီခိုမှု လျှော့ချနိုင်ခြင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ခြင်း၊
- မြို့ပြ၊ ကျေးရွာ ပတ်ဝန်းကျင်တွင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်း ထားသော သစ်ပင်သစ်တောများသည် အပင်များ၊ တိရစ္ဆာန်ငယ်များ အတွက် နားခိုရာနေရာ၊ အကာအကွယ်နှင့် အစားအစာများ ထောက်ပံ့ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေခြင်း၊
- မြို့ပြသစ်တောများနှင့် အစိမ်းရောင်လွင်ပြင်နေရာများသည် တက်ကြွသော၊ ကျန်းမာသော လူနေမှုပုံစံအတွက် အထောက်အကူပြုခြင်း၊ ရောဂါဘယကာကွယ်ပေးခြင်းနှင့် လူမှုရေးလုပ်ငန်များ အတွက် တွေ့ဆုံရန်နေရာပံ့ပိုးပေးခြင်း၊
- မြို့ပြသစ်တော သစ်ပင်များသည် လေထုအတွင်းရှိ အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းမှုများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများကို ဖယ်ရှားပေးသည့် အလွန်ကောင်းမွန်သော သဘာဝ လေသန့်စင် စက်ရုံကြီးများသဖွယ်ဖြစ်ခြင်း၊
- ဒေသခံပြည်သူများသည် မြို့ပြ၊ ကျေးရွာပတ်ဝန်းကျင်ရှိ သစ်ပင် သစ်တောများမှ ထွက်ရှိသည့် အသီး၊ အရွက်၊ အခေါက်၊ အမြစ်၊ သစ်ဥနှင့် ဆေးဖက်ဝင်အပင်တို့ကို ထုတ်ယူသုံးစွဲနိုင်ခြင်း၊ စားသုံး နိုင်ခြင်းနှင့် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိစေနိုင်ခြင်း၊
- မြို့ပြ၊ ကျေးရွာပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများသည် ရေ အရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်း၊ ရေကို သန့်ရှင်းကြည်လင် အောင် စစ်ထုတ်သန့်စင်ပေးခြင်း ၊အရည်အသွေးမြင့်မားသော ရေကောင်းရေသန့်များအဖြစ် စစ်ထုတ်ပေးခြင်းဖြင့် မြို့ပြ၊ ကျေးရွာ ပြည်သူသန်းပေါင်းများစွာကို အထောက်အကူပြုခြင်း၊ ရေတိုက်စားမှု၊ မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများ မဖြစ်စေရန်နှင့် မုန်တိုင်းဒဏ်များ လျော့ပါးသက်သာစေရန် အကာအကွယ်များပေးခြင်း၊
- မြို့ပြ၊ ကျေးရွာပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများ၊ ဥယျာဉ်များ၊ သစ်မျိုးစုံ စိုက်ခင်းများရှိခြင်းဖြင့် သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်ခြင်း၊ မြို့ပြပိုမိုလှပ အေးချမ်းသာယာလာခြင်း၊ အလွန်ကောင်းမွန်သော အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း။

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများမှာ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်အောင် သက်ရှိလောကအတွက် အဖိုးတန်လှသည်။ သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို (က) ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှု၊ ဥပမာ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားနပ်ရိက္ခာ၊ ရေကောင်းရေသန့်ရရှိစေခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ (ခ) ပတ်ဝန်းကျင် ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှု၊ ဥပမာ ရာသီဥတု ပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူ သိုလှောင်ခြင်း ဆိုင်ရာဝန်ဆောင်မှု၊ ရေ၊ လေ သန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ (ဂ) ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဥပမာ အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဆိုင်ရာ ဝန်ဆောင်မှု၊ ယုံကြည်မှု၊ ကိုးကွယ်မှု ရိုးရာဓလေ့ဆိုင်ရာ ဝန်ဆောင်မှုများနှင့် (ဃ) ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူ ပေးသည့် လုပ်ငန်းများ၊ ဥပမာ မြေဆီလွှာ ဖြစ်ပေါ်လာမှု ဖြစ်စဉ်အဆင့်ဆင့် အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအား ချိတ်ဆက် ပေါင်းစပ် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများဟူ၍ ခွဲခြားဖော်ပြကြသည်။ သစ်တောများက ထောက်ပံ့ပေးသော အကျိုးကျေးဇူးများမှာ အံ့မခန်း များပြားပြီး သက်ရှိလောကအတွက် အလွန်အဖိုးတန်လှပေသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ၏ ဂေဟစနစ်ကို အခြေခံသည့် မြို့တော်များဟူ၍လည်း ခေါ်ဆိုနိုင်သည်။ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများနှင့် လက်ရှိမြို့တော် လူဦးရေအတွက် လုံလောက်မျှတသည့် နေရာထိုင်ခင်းများကို စနစ်တကျ ပေါင်းစပ်ထည့်သွင်း စဉ်းစားတည်ဆောက်ထားပြီး အနာဂတ်မျိုးဆက်များအတွက်လည်း လက်ရှိ အခြေအနေ၊ စွမ်းဆောင်ရည်ထက် မနိမ့်ပါးစေရန် စီမံဆောင်ရွက်ထားသည့် မြို့ပြများကို ခေါ်ဆိုသည်။

လူဦးရေ တိုးတက်လာမှုနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ၏ အခန်းကဏ္ဍသည်လည်း ကျယ်ပြန့်လာသောကြောင့် ကမ္ဘာနှင့် အဝန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ တိုးပွားလာစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Developement Goals-SDGs) ၁၇ ခုအနက် ပန်းတိုင် (၁၁) မှာ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများနှင့် ပြည်သူအစုအဖွဲ့များ (Sustainable Cities and Communities)ဟူ၍ ဖြစ်သည်။ ၎င်းပန်းတိုင်၏ အဓိက ရည်ရွယ်ချက်မှာ "မြို့ကြီးများနှင့် လူသားတို့အခြေချနေထိုင်သည့် နေရာဒေသ များကို အားလုံးပါဝင်နိုင်ပြီး လုံခြုံစိတ်ချရသော၊ ဒဏ်ခံနိုင်သော၊ ရေရှည် တည်တံ့သောနေရာများအဖြစ် ဆောင်ရွက်ရန် ဖြစ်သည်။ ပန်းတိုင် ၁၁ ကို အောင်မြင်ပြည့်မီစေရန်အတွက် ရည်မှန်းချက် ခုနစ်ခု ချမှတ်ထားရာ ရည်မှန်းချက် (၁၁- ၇) မှာ -၂၀၃၀ ပြည့်နှစ်တွင် ပြည့်စုံလုံလောက်သော လုံခြုံစိတ်ချရသော၊ အားလုံးပူးပေါင်းပါဝင်နိုင်သော၊ သွားလာရန် လွယ်ကူသော အစိမ်းရောင် ကွက်လပ်လွင်ပြင်များကို ပြည်သူများ၊ အထူးဖြင့် အမျိုးသမီးများ၊ ကလေးများ၊ အသက်အရွယ်ကြီး လူကြီးများနှင့် မသန်စွမ်းသူ များအတွက် ဖြည့်ဆည်းပံ့ပိုးပေးရန်"ဟူ၍ ချမှတ်ထားသည်။

ရည်မှန်းချက် ၁၁ (ခ)တွင်လည်း "၂၀၂၀ ပြည့်နှစ်တွင် သယံဇာတ ထိရောက်စွာ သုံးစွဲနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေခြင်း၊ သဘာဝဘေးအန္တရာယ်များကို တွန်းလှန်ကာကွယ်နိုင်စွမ်းရှိခြင်းစသည့် စွမ်းဆောင်ရည်များပြည့်ဝသည့် မြို့ကြီးများ စဉ်ဆက်မပြတ် တိုးပွားလာစေရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံ ရှုထောင့်စုံ ထည့်သွင်းစဉ်းစားထားသည့် မူဝါဒများနှင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရန်"ဟူ၍လည်း ရည်မှန်းသတ်မှတ်ထားသည်ကို တွေ့ရမည် ဖြစ်သည်။

အာဆီယံရည်မှန်းချက် ၂၀၂၀ ပြည့်နှစ်တွင် "အာဆီယံရှိ နိုင်ငံသား အားလုံး၏ ဘဝအရည်အသွေးမြင့်မားရေး၊ အာဆီယံနိုင်ငံများရှိ သဘာဝ သယံဇာတများအား ရေရှည်စဉ်ဆက်မပြတ်ရှိစေရေး၊ ဒေသ၏ ပတ်ဝန်းကျင်ကို ကာကွယ်ရေးတို့အတွက် ရေရှည်ဖွံ့ဖြိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ပြည့်စုံသော စနစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခြင်းနှင့်အတူ သန့်ရှင်းပြီး စိမ်းလန်းသော အာဆီယံ"ဟူ၍ ဖော်ပြထားပြီး အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးသော မြို့ကြီးများဆုကိုလည်း အညွှန်း ကိန်းများ သတ်မှတ်ကာ ရွေးချယ်ချီးမြှင့်လျက်ရှိသည်။

သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြုအလေးထား လာကြသည်ဖြစ်ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှု ထိပ်သီးဆွေးနွေးပွဲ (၂၀၁၄) တွင် သစ်တောများဆိုင်ရာ နယူးယောက်ကြေညာစာတမ်း ထုတ်ပြန်ကြေညာ၍ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ တွန်းအားပေး ဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်မည်ဖြစ်သည်။ အဆိုပါကြေညာချက်တွင် ကမ္ဘာ့အပူချိန် နှစ်ဒီဂရီ ဆဲလ်ဆီးယပ် လျှော့ချ နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေး ရည်မှန်းပြီးဆောင်ရွက်သွားရန်၊ ၂၀၂၀ ပြည့်နှစ်တွင် တောနိမ့်၊ တောပျက် ဧရိယာ ဟက်တာသန်း ၁၅၀ ကို သစ်တောစိုက်ခင်းအဖြစ် တည်ထောင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တောနိမ့်၊ တောပျက် ဟက်တာသန်း ၂၀၀ ကို ပြန်လည် တည်ထောင်ထိန်းသိမ်းရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပြီး အဆိုပါရည်မှန်းချက်များ ပြည့်မီရေးအတွက် "Net Zero Deforestation"၊ "Forest Landscape Restoration" အစီအစဉ်များဖြင့် တစ်ကမ္ဘာလုံး အတိုင်းအတာ လှုပ်ရှားမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်များ၏ (၂၁) ကြိမ်မြောက် ညီလာခံ (COP 21) ကလည်း ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ ဝန်ဆောင်မှုများအတွက် သစ်တောများ၏ အခန်းကဏ္ဍကို အသိအမှတ် ပြုခဲ့ပြီး ထုတ်ပြန်ခဲ့သည့် ညီလာခံဆုံးဖြတ်ချက်များနှင့် ပဲရစ်သဘောတူညီချက် တွင် သစ်တောကဏ္ဍကို ထည့်သွင်းရေးဆွဲခဲ့သည်ကို တွေ့ရှိရမည် ဖြစ်သည်။

**သစ်တောများနှင့် သစ်တောပြင်ပမှ သစ်ပင်များတိုးပွားရေး**

သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ များဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)ကို ရေးဆွဲအကောင်အထည် ဖော်လျက်ရှိသည်။

**"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ၏ ဂေဟစနစ်ကို အခြေခံသည့် မြို့တော်များဟူ၍လည်း ခေါ်ဆိုနိုင်သည်။ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများနှင့် လက်ရှိမြို့တော် လူဦးရေအတွက် လုံလောက်မျှတသည့် နေရာထိုင်ခင်း များကို စနစ်တကျ ပေါင်းစပ်ထည့်သွင်း စဉ်းစားတည်ဆောက်ထားပြီး အနာဂတ်မျိုးဆက်များ အတွက်လည်း လက်ရှိ အခြေအနေ၊ စွမ်းဆောင်ရည်ထက် မနိမ့်ပါးစေရန် စီမံဆောင်ရွက် ထားသည့် မြို့ပြများကို ခေါ်ဆိုသည်။"**

စာမျက်နှာ ၇ သို့ ❂



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနိုင်းတပ်နယ်ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၁၈ ရက် ညနေပိုင်းတွင် တနိုင်းတပ်နယ် ရှုဒူဇွပ်ကျေးရွာရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ထိပါးလာလျှင် ကာကွယ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများကို တိုက်ခိုက်နေခြင်း၊ ဘာသာရေးကို တိုက်ခိုက်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နေခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ သမ္မာကျမ်းစာအုပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေများကိုလည်းကောင်း၊ တာဝန်ရှိသူများက သုတ/ရသ စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် KIA လက်နက်ကိုင်အဖွဲ့က အဆိုပါတပ်ရင်း၌ာနချုပ်ကို အလစ်အငိုက် လာရောက်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ရွပ်ရွပ်ချွံချွံ ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ရကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရွှေမိုးတောင်ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စည်ကားခမ်းနားစွာ ကျင်းပသည်။

အခမ်းအနားသို့ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက ကချင်ပြည်နယ်သာသနာ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သာသနာ့ဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကေတုမာလအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်၌ာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော် အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရွှေမိုးတောင်စေတီတော်မြတ်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာတို့အား ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၏ မြောက်ဘက်တစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အများပြည်သူအလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီးသည် ဉာဏ်တော် အမြင့် ၇၇ ပေရှိကာ ရွှေမိုးတောင်မှထွက်ရှိသည့် ဂရင်းနိုက်ကျောက်များဖြင့် ထုလုပ်ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ပူဇော်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးလက်ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဗန်းမော် မတ် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဗန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာ၊ စင့်ကင်ကျေးရွာနှင့် ဟဲလုံကျေးရွာတို့တွင် တွင်းနက်သုံးတွင်း တူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်အတူ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ စစ်ဆေးရာတွင် ခရိုင်ဦးစီးမှူးက ရေစင်၊ ရေလှောင်ကန်များကို အရည်အသွေးပြည့်မီစေရေး၊ ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် နွေရာသီသောက်သုံးရေပြတ်လပ်မှု မရှိစေရေးတို့ကို အလေးထားဆောင်ရွက်ထားရှိရန် မြို့နယ်တာဝန်ခံအား မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

❂ စာမျက်နှာ ၆ မှ

မြန်မာ့သစ်တောမူဝါဒနှင့်အညီ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့တည်ထောင်လျက်ရှိရာ ယနေ့အချိန်အထိ ဧက ၄၁ ဒသမ ၆ သန်းကျော်ရှိပြီး နိုင်ငံဧရိယာ၏ ၂၄ ဒသမ ၉၂ ရာခိုင်နှုန်း တည်ထောင်ပြီးဖြစ်သည်။ သဘာဝထိန်းသိမ်းရေးနယ်မြေဧရိယာသည်လည်း ၉ ဒသမ ၆ သန်းကျော်ရှိပြီး နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၉ ရာခိုင်နှုန်းရှိနေပြီ ဖြစ်ပါသည်။ အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပြည်သူဗဟိုပြုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ဧရိယာ ဧက ၅၁၅၇၈၀ တည်ထောင်ပြီး ဖြစ်သည်။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းလျာထားချက်နှင့်အညီ ဧက ၂ ဒသမ ၂၇ သန်းအထိ တိုးချဲ့တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သစ်တောမူဝါဒ ရည်မှန်းချက်များနှင့် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက်လည်းကောင်း၊ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲခြင်းမူဘောင်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အခြားအပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို ဖြည့်ဆည်းနိုင်ရန်အတွက်လည်းကောင်း မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၇-၂၀၂၈) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး မဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၀)၊ နိုင်ငံအဆင့် ဒီရေတောနှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းခြင်းဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ၊ တောရိုင်းတိရစ္ဆာန်များအတွက် သဘာဝနယ်မြေများတွင် နေရင်းဒေသ ပြန်လည်တည်ထောင်ရေးစီမံချက်များ အစရှိသည်တို့ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုများ လျော့နည်းကျဆင်းစေရန်အတွက်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့၍ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှု လျော့ချရေးအတွက် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျော့ချခြင်းလုပ်ငန်း (Reducing Emissions from Deforestation and Forest Degradation and the role of Sustainable Management of Forests, Forest Conservation and the Enhancement of Forest Carbon Stock in the Developing Countries – REDD+) နိုင်ငံအဆင့် အစီအစဉ်များ၊ စီမံအုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်မှုနှင့်အတူ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု (Forest Law Enforcement, Governance and Trade – FLEGT) နှင့် ဥရောပသမဂ္ဂနှင့် ဆန္ဒအလျောက် မိတ်ဖက်အဖြစ်ဆောင်ရွက်ရန် သဘောတူညီချက် (European Voluntary Partnership Agreement- EU VPA)ကို အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**အစိမ်းရောင်မြို့ကြီးများ ပေါ်ထွက်လာစေရေး**

သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်နေသကဲ့သို့ မြို့ပြသစ်တောများ၊ ကျေးရွာတစ်အုပ်တစ်မ သစ်တောများ၊ လမ်းဘေးဝဲ၊ ယာ စိမ်းလမ်းစိုပြည်ရေး သစ်တော သစ်ပင်များ၊ ဥယျာဉ်များ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မိုးရာသီတွင် “မြန်ပြည်တစ်ဝှမ်း စိမ်းရောင်လွှမ်းဖို့ သစ်ပင်စိုက်ပျိုးကြပါစို့ (Towards Green Land)” ဆောင်ပုဒ်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၊ စာသင်ကျောင်း၊ ဆေးရုံ စသည့် အများနှင့်သက်ဆိုင်သောနေရာများတွင် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ အထူးသဖြင့် မြို့ကြီးများတွင် စိမ်းလန်းမြေ (Green Land) စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဆက်စပ်ပတ်သက်သောဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အဓိကရည်ရွယ်ချက်များမှာ

- ထာဝစဉ်ဖွံ့ဖြိုးတိုးတက်၍ သန့်ရှင်းသော ရေ၊ လေနှင့် ဂေဟစနစ်အား စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်သော ပတ်ဝန်းကျင်အခြေအနေတစ်ရပ် ဖန်တီးရန်နှင့် သဘာဝဘေးအန္တရာယ်နှင့် ကပ်ရောဂါကဲ့သို့ ပြင်းထန်ဆိုးရွားသော ရောဂါများ ကျရောက်မှုကို ကာကွယ်တားဆီးနိုင်သည့် မြို့ပြများ ဖြစ်ပေါ်လာစေရန်၊
- သစ်တောများ၊ သစ်ပင်ပန်းပင်များကို မြို့ပြကွက်လပ်များနှင့် အခြေချနေထိုင်မှုဧရိယာများ၊ မြို့ပြစီမံကိန်းဧရိယာအတွင်းနှင့် လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင် အစိမ်းရောင်ကွန်ရက်၊ အစိမ်းရောင်နယ်မြေအဖြစ် ဖြန့်ကြက်တည်ထောင်နိုင်စေရန်၊
- ပြည်သူလူထုနှင့် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်လာမှုဖြင့် သစ်တောများ ပြုန်းတီးပျက်စီးသွားသောနေရာများနှင့် တောနိမ့်တောပျက်နေရာများတွင် သင့်လျော်သော စိုက်ပျိုးထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်းဖြင့် သဘာဝတောများကဲ့သို့ ဇီဝမျိုးစုံ မျိုးကွဲကြွယ်ဝသော ဂေဟစနစ်ကို ပြန်လည်ရရှိစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန်ဟူသည့် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ၏ အလွန်အရေးကြီးသည့် လက္ခဏာတစ်ရပ်ဖြစ်သည့် စိမ်းလန်းစိုပြည်သည့် မြို့ကြီးများဖြစ်စေရန်အတွက်လည်းကောင်း၊ သစ်တောသစ်ပင်များမှ ထောက်ပံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရန်အတွက်လည်းကောင်း သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းသည် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ အဆိုပါလုပ်ငန်းများ အောင်မြင်နိုင်ရန် အကျိုးဆက်စပ်ပတ်သက်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

**သစ်ပင်သစ်တောများဖြင့် စိမ်းလမ်းစိုပြည်နေသောမြို့ကြီးများဆီသို့**

“သစ်ပင်သစ်တောများသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ဗဟိုချက်” ဖြစ်သည် ဆိုသည့်စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အမြော်အမြင်ကြီးစွာဖြင့် ထည့်သွင်းစဉ်းစား၊ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည်။ စစ်မှန်သော၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ပြများပေါ်ထွန်းလာစေရန် သစ်ပင်သစ်တောများ၏ အစစ်အမှန်တန်ဖိုးကို နားလည်ဖို့ လိုအပ်သည်။ သစ်ပင်သစ်တောများကို ချစ်မြတ်နိုးဖို့ လိုအပ်သည်။ စိုက်ပျိုးပြုစုထိန်းသိမ်းဖို့ လိုအပ်သည်။ တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် သစ်တော သစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ဖို့လိုသလို အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက်လည်း သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းဖို့ လိုအပ်သည်။ သစ်တောပြင်ပ သစ်ပင်များ၊ မြို့ပြသစ်တောများ၊ စိမ်းလန်းမြေများ တိုးပွားလာစေရေးအတွက် အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ ဖြစ်ပေါ်လာစေရန် ထိရောက်မှန်ကန်သည့် နည်းစနစ်များ၊ လုံလောက်သည့် သွင်းအားစုများဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိရောက်သည့် အစိမ်းရောင်ဖွံ့ဖြိုးမှုမူဝါဒများ၊ ဥပဒေအထောက်အပံ့များ၊ နိုင်ငံအရေးအရ အားပေးပံ့ပိုးကူညီမှုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။သစ်တောကဏ္ဍကို နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် အရေးကြီးသော အစိတ်အပိုင်းအဖြစ် ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ကျွန်တော်တို့အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော မြို့ကြီးများကို လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

# (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား ကျင်းပ

**မော်လမြိုင် မတ် ၁၉**

၂၀၁၈ ခုနှစ် (၄၄) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဖတ်ကြားပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်နယ်အတွင်း ထူးချွန် ပုဂ္ဂိုလ်များအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းရင်းသားအဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်လှစ်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် သံလွင်ဥယျာဉ်ပန်းခြံ၌ နံနက် ၁၁ နာရီတွင် ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး**(ယာပုံ)** တက်ရောက်လာကြသူများနှင့်အတူ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မွန်ပြည်နယ်လွှတ်တော်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်လွှတ်တော်သို့ ရောက်ရှိပြီး မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက မွန်ပြည်နယ် လွှတ်တော်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀) ဆင်းပွဲ အခမ်းအနားကို မတ် ၁၇ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်္ဘောကုမ္ပဏီများ၊ ရေကြောင်းဘက်ဆိုင်ရာ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိလောင်းများ၏ မိဘ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်မှ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀)တွင် ထူးချွန်ဆုရရှိကြသည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း စံပြအရာရှိလောင်းဆုရ အရာရှိလောင်း ဇင်မင်းဌေး၊ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း စံပြအရာရှိလောင်း ဆုရ အရာရှိလောင်း ဖြိုးဟိန်းကျော်၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ဟိန်းထက်၊ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း စာပေ ထူးချွန်ဆုရ အရာရှိလောင်း ဖြိုးဟိန်းကျော်၊ အကောင်းဆုံး စစ်ရေးပြ တပ်ခွဲဆုရ ဘရဇ်ာတပ်ခွဲနှင့် မိဂသီတပ်ခွဲတို့အား အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျောင်းဆင်း မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀) သင်တန်းမှ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ၅၆ ဦး၊ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၇၀ တို့အား မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် ကျောင်းအုပ်ကြီး ကပ္ပတိန် ဇင်မောင်ထွန်းက ဘာသာရပ်ဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် ၁၉၆၃ ခုနှစ်မှ ယနေ့အချိန်အထိ ရေကြောင်း အရာရှိလောင်း ၂၆၆၀ နှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၂၆၁၅ ဦးအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## Other Account ဆိုသည်မှာ

Other Account ၏ အမည်အပြည့်အစုံမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) - Union Fund Account- Other Account - UFA OA ဖြစ်ပါသည်။ လွယ်လွယ်ဖြင့် Other Account ဟုခေါ်ခြင်းသာ ဖြစ်ပါသည်။ ထိုစာရင်းမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ဌာနဆိုင်ရာငွေထုတ် စာရင်းဖြစ်သော MD Account (Ministries and Department Account) အပြင် လုပ်ငန်းလိုအပ်ချက်အရ ခွင့်ပြုချက်တောင်းခံ၍ ထပ်မံဖွင့်လှစ်သော အခြားစာရင်းရှင်များ ဖြစ်ပါသည်။

# ရေစကြိုမြို့နယ်ရှိ မီးဘေးသင့်ပြည်သူများအတွက် စုပေါင်းလှူဒါန်း

**ရေစကြို မတ် ၁၉**

မြန်မာနိုင်ငံ မှုခင်းသတင်း ပရဟိတအဖွဲ့ မရမ်းကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးသက်လွင် ဦးဆောင်သောအဖွဲ့နှင့် အောင်သိဒ္ဓိရာသက်ပန် သက်သတ်လွတ်ကျောင်းမှ ဆရာတော် ဦးကုမာလတို့က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာမှ မီးဘေးသင့်ပြည်သူများအား အဝတ်အထည်မျိုးစုံ၊ ခေါက်ဆွဲ ၁၈ ဖာ၊ စတီးပန်းကန်မျိုးစုံ ငွေကျပ်စုစုပေါင်း ၁၅ သိန်းခန့်ရှိ ပစ္စည်းများကို မီးဘေးသင့်ပြည်သူများ ယာယီနေထိုင်ကြသည့် မူလတန်းကျောင်း၌ မတ် ၁၉ ရက် နံနက် ၉ နာရီက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ညီညီ(သမိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြခဲ့သော "ဒုတိယဝန်ကြီး ဦးဆက်အောင် မော်စကိုနိုင်ငံ၌ ကျင်းပသည့် ဆွေးနွေးပွဲများသို့ တက်ရောက်" သတင်းခေါင်းတွင် မော်စကိုနိုင်ငံအစား မော်ရိုကိုနိုင်ငံဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# မြန်မာသမိုင်းအဖွဲ့ လစဉ်ပုံမှန်အစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၁၉**

မြန်မာသမိုင်းအဖွဲ့ လစဉ်ပုံမှန်အစည်းအဝေး(၂/၂၀၁၈)ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပညာဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာသမိုင်းအဖွဲ့သာမက သမိုင်းသုတေသနအဖွဲ့အနေဖြင့် သမိုင်းဆိုင်ရာ အထောက်အထားများ ပြုစုရေးသားရာတွင် ဖြစ်ရပ်မချန်၊ ဖြစ်ရပ်မှန်၊ ဖြစ်ရပ်မကျန်၊ ဖြစ်ရပ်မမှားရေးသားရန် လိုအပ်ပါကြောင်းနှင့် သမိုင်းပညာရှင်များအနေဖြင့် မျိုးဆက်သစ်ပညာရှင်များ မွေးထုတ်ပေးခြင်းဖြင့် သမိုင်းအမွေလက်ဆင့်ကမ်း ဆောင်ရွက်ပေးမှုဖြစ်ကြောင်း၊ ပြည်တွင်းစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့်လည်း သမိုင်းသုတေသနဌာန၏ အမှုထမ်း၊ အရာထမ်းများ၏ အရည်အသွေး တိုးတက်မှုများ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ တစ်ဆက်တစ်စပ်တည်း မြန်မာသမိုင်း ဖြစ်ပေါ်လာစေရန် အထောက်အကူ များစွာဖြစ်ပေါ်စေခြင်းတို့အပြင် နိုင်ငံတော်အတွက် လိုအပ်သော သမိုင်းဆိုင်ရာ အထောက်အထားများကို အထောက်အပံ့ပေးနိုင်သည့် အနေအထားများ ဖြစ်ပေါ်နိုင်ကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် မြန်မာသမိုင်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို အပြန်အလှန် ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမအထွေထွေ လျှောက်ထားမှု(စာချွန်တော်) ခုနစ်မှု စီရင်ချက် ချမှတ်၊ သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေးနှင့် ဦးမြဟန်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ခုနစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေ လျှောက်ထားမှု(စာချွန်တော်) သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

၁၉-၃-၂၀၁၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# ၂၀၁၈-၂၀၁၉ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း) ရေးဆွဲရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ရည်ရွယ်ချက်၊ အခြေခံမူနှင့် သတ်မှတ်ကျင့်သုံးရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၉**

နိုင်ငံ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို နိုင်ငံတော်က ချမှတ်ထားသည့် ရည်ရွယ်ချက်၊ အခြေခံမူနှင့် သတ်မှတ်ကျင့်သုံးရမည့် လုပ်ငန်းစဉ်များနှင့်အညီ ရေးဆွဲနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အစိုးရအဆက်ဆက် စီမံကိန်းများရေးဆွဲရာတွင် ဖွံ့ဖြိုးရေးမူဝါဒ၊ ရည်ရွယ်ချက်များထားရှိဆောင်ရွက်ခဲ့ကြကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရေးဆွဲရာတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ သီးသန့်ရည်မှန်းချက်များ၊ ဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် ရည်မှန်းချက်များ၊ ပကတိမြေပြင်လိုအပ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ နောင်ရေးဆွဲမည့် စီမံကိန်းများအတွက် အခြေခံနှစ်အဖြစ် ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်စေလိုကြောင်း။

ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂) ချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ(SDGs)တို့နှင့် ကိုက်ညီအောင် ရေးဆွဲဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ချက်(Feasibility Study) နှင့်အတူ စီမံကိန်းများ၏ မျှော်မှန်းအကျိုးရလဒ်ကိုလည်း တွက်ချက်တင်ပြရမည်ဖြစ်ကြောင်း၊ ဖြစ်နိုင်ခြေရှိသည့် စီမံကိန်းများအတွက်သာ ဘဏ္ဍာငွေတင်ပြတောင်းခံကြစေလိုကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် နိုင်ငံတော် ဦးတည်လျှောက်လှမ်းနေသည့် ဖက်ဒရယ်စနစ်အနှစ်သာရများအကောင်အထည်ဖော်နိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်တွင် အမျိုးသားစီမံကိန်းရေးဆွဲရန် အချိန်ဇယား ရေးဆွဲထားရှိမှု၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs)၊ ကဏ္ဍ/ဒေသအလိုက် မူဝါဒများ၊ ကာလတို၊ ကာလရှည် ရည်မှန်းချက်များနှင့် ဆက်စပ်ရေးဆွဲဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအား နှစ်လတ် ဘဏ္ဍာရေးမူဘောင်ဖြင့် တွက်ချက်မှုအရအသုံးစရိတ် ခွင့်ပြုပေးနိုင်မှု၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲရာတွင် စနစ်တကျ သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၇) ဖွင့်လှစ် လက်ရှိ မောင်းနှင်နေသော ယာဉ်မောင်း ၈၀ ကျော် ပါဝင်

**ရန်ကုန် မတ် ၁၉**

YBS အထူးယာဉ်မောင်း သင်တန်းအပတ်စဉ်(၇)ကို ယနေ့စတင်ဖွင့်လှစ်လိုက်ပြီး သင်တန်းသား စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ကာ လက်ရှိ YBS တွင် မောင်းနှင်နေသော ယာဉ်မောင်း ၈၀ ကျော် ပါဝင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) တို့ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်းများ ဆက်တိုက်ဖွင့်လှစ်ခဲ့ရာ ယခုအပတ်စဉ်(၇) ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၁၂၈ ဦး တက်ရောက်သည်။

“ အပတ်စဉ်(၇)မှာ သင်တန်းသား ၁၂၈ ဦးအနက် လက်ရှိ YBS မှာ မောင်းနှင်နေတဲ့ ယာဉ်မောင်း ၈၀ ကျော် ပါဝင်ပါတယ်၊ အဓိကအနေနဲ့ကတော့ YBS စနစ်မှာ ယာဉ်မောင်းတွေရဲ့ အခန်းကဏ္ဍနဲ့ အရည်အသွေး အရေးကြီးတယ်၊ ဒါကြောင့် YBS အထူးယာဉ်မောင်းသင်တန်းကို ဆက်တိုက်ဖွင့်လှစ်တာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) တို့ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁)ကို ယခုနှစ်ဇူလိုင်လက စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းများ ဆက်တိုက်ဖွင့်လှစ်ခဲ့ရာ အပတ်စဉ်(၁)မှ အပတ်စဉ်(၆)အထိ သင်တန်း အောင်မြင်ပြီးမြောက်ထားသူ သင်တန်းဆင်းယာဉ်မောင်း ၅၀၀ ကျော်ခန့်ရှိပြီး YBS ယာဉ်လိုင်းများတွင် မောင်းနှင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် အောင်မြင်သူများကို သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး သင်တန်းအောင်မြင်သော ယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် မောင်းနှင်နိုင်ရန် ယာဉ်လိုင်းကုမ္ပဏီများက အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ ယင်းအပြင် သင်တန်းဆင်း ယာဉ်မောင်းများအား YRTA အသိအမှတ်ပြု ယာဉ်မောင်းကတ်ပြားများ ထုတ်ပေးသွားမည်ဟု သိရသည်။

**၀၀၁**

## သတင်းမီဒီယာဆိုင်ရာများ ဆင့်ပွားသင်ကြား

**ဘားအံ မတ် ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ(USAID- PRLP)တို့ နေပြည်တော်တွင် သုံးရက်တိုင်ပူးပေါင်းကျင်းပသည့် သတင်းမီဒီယာ (Media Skills) သင်တန်းမှ သင်ကြားပို့ချမှုများအား ပြန်လည်ဆင့်ပွားသင်ကြားခြင်းကို မတ် ၁၈ ရက်တွင် ကရင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်ဆွေထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်သင်တန်းတွင် တက်ရောက်ခဲ့ကြသော ကရင်ပြည်နယ်တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာထွန်းနှင့် မြဝတီခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးသန်းဇော်ဦးတို့က သတင်းမီဒီယာ(Media Skills)နှင့်ပတ်သက်၍ ပို့ချကြသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ တရားရေးအရာရှိများနှင့် တရားသူကြီး ၁၈ ဦး တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာဆိုင်ရာများက လာရောက်သတင်းယူမေးမြန်းသည့်အခါတွင် ဖြေကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ပုံ သရုပ်ပြခြင်း၊ တီဗွီသတင်း အင်တာဗျူးပြုလုပ်ပုံသရုပ်ပြခြင်း စသည်များကို နှစ်ရက်တိုင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ပြခန်းနေရာများ စနစ်တကျ နေရာချထားပေးလျက်ရှိ



**တောင်ကြီး မတ် ၁၉**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ယနေ့ နံနက်ပိုင်းက ပြခန်းများအား မဲစနစ်ဖြင့် စနစ်တကျခွဲဝေ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ဖွင့်ပွဲ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာစာတမ်း ၂၆ စောင် ဖတ်ကြားမည့် တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမကို ပြင်ဆင်ခြင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း၊ ရိုးရာ အစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများအပြင် ရိုးရာယဉ်ကျေးမှု အကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ် စင်တင်တေးဂီတများ ဖျော်ဖြေမည့် တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတို့၌ ပြခန်းများကို မဲစနစ်ဖြင့် စနစ်တကျခွဲဝေစီစဉ်ကာ နေရာများချထားပေးခြင်း၊ ပွဲတော်လာရောက်သည့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို ကြိုဆိုခြင်းနှင့် တည်းခိုနေထိုင်ရေး စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာ အားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

❂ **ရွှေဖုံးမှ**

မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆော်ဒီ အာရေဗျနိုင်ငံသို့ ရေထွက်ကုန် တင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က အကြောင်းကြားခဲ့ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် နှစ်စဉ်တင်ပို့လျက်ရှိသော်လည်း မြန်မာ့ရေချိုပုစွန်၌ white tail disease ရောဂါပိုး တွေ့ရှိခဲ့သည့်အတွက် ယာယီတားမြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၁ ဒသမ ၅၂၆ သန်းနှင့် ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ အမေရိကန်ဒေါ်လာ ၆၁၁ ဒသမ ၆၂၃ သန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ကုန်တင်ပို့မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ ရေထွက်ကုန် စုစုပေါင်းတင်ပို့မှု၏ ၃ ဒသမ ၀၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ညောင်တပင်လမ်း၌ မတ် ၁၇ ရက် ည ၇ နာရီခွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများပပျောက်ရေး၊ လူကုန်ကူးမှုမခံရစေရေးနှင့် လိမ်လည်မှု မခံရစေရေး အသိပညာပေးခြင်းနှင့် ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အကြောင်း ပြည်သူများအား ဟောပြောစဉ်။** ဉာဏ်ဟိန်း



## ထာဝစဉ်တည်တံ့စေသော စိုက်ပျိုးရေးနှင့် သစ်တောစီမံအုပ်ချုပ်မှုအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာများရရှိရေးနှင့် စွမ်းဆောင်ရည်မြှင့်မားလာစေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၉**
ထာဝစဉ်တည်တံ့စေသော စိုက်ပျိုးရေးနှင့် သစ်တောစီမံအုပ်ချုပ်မှုအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာများရရှိရေးနှင့် စွမ်းဆောင်ရည်မြှင့်မားလာစေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသည် **“မြန်မာနိုင်ငံ၏ အဓိကကျသော စိုက်ပျိုးရေးဂေဟစနစ်များတွင် စိုက်ပျိုးမြေနှင့် သစ်တောများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းစီမံကိန်း”**၏ လုပ်ငန်းတစ်ခုဖြစ်ပြီး စီမံကိန်းကို Global Environment Facility-GEF ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအချိန်တွင် နှစ်နှစ်နီးပါးခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမျိုးသားမြေဥပဒေကို မကြာမီကာလများအတွင်းတွင် ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်လျက်ရှိပြီး ရေရှည်တည်တံ့သော မြေယာစီမံအုပ်ချုပ်ရေး၊ သစ်တောများအပါအဝင် သဘာဝ သယံဇာတများထိန်းသိမ်းရေး၊ မြေပိုင်ဆိုင်မှုဆိုင်ရာအငြင်းပွားမှုများ လျော့ကျရေး၊ ဒေသခံပြည်သူများ၏လူမှုစီးပွားတိုးတက်ရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများ အသိအမှတ်ပြုရေးတို့တွင် အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရေရှည်တည်တံ့သော စိုက်ပျိုးမြေနှင့် သစ်တောများရရှိနိုင်ရေး အကောင်အထည်ဖော်ရာတွင် ဥပဒေဆိုင်ရာ အသိပညာများနှင့် စွမ်းဆောင်ရည်များ ရရှိလာနိုင်မည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စီမံကိန်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရေနေသတ္တဝါများ ရှားပါးလာခြင်းကြောင့် တံငါလုပ်သားဦးရေနည်းပါးလာ

**ကရသူရိ မတ် ၁၉**
ကရသူရိမြို့နယ်တစ်ခွင် ဒေသခံ တံငါလုပ်သားများသည် ပင်လယ်ပြင်၌ ရေနေသတ္တဝါများရှားပါးလာခြင်းကြောင့် မိသားစု စားဝတ်နေရေးအဆင်မပြေဖြစ်လာသည့်အတွက် တံငါလုပ်ငန်းလုပ်ကိုင်သူဦးရေနည်းပါးလာကြောင်း သိရသည်။

တံငါလုပ်သားများသည် ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေသတ္တဝါမျိုးစုံကိုရှာဖွေပြီး ၎င်းတို့၏ မျိုးစဉ်အဆက်ဆက် တံငါလုပ်ငန်းဖြင့် အသက်မွေးခဲ့ရာ ယခုအချိန်တွင် ရေနေသတ္တဝါများရှားပါးလာ၍ တစ်နေ့တာစားဝတ်နေရေးမဖူလုံသည့်အတွက် ကုန်းအလုပ်ကို ပြောင်းလဲလုပ်ကိုင်လာရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေနေသတ္တဝါများရှားပါးလာရခြင်းသည် တောတောင်သဘာဝပျက်စီးမှုကြောင့် ရာသီဥတုပူပြင်းလာရခြင်း၊ ဒီရေတောများနည်းပါးလာ၍ ရေသတ္တဝါများပေါက်ဖွားနှုန်းကျဆင်းခြင်းနှင့် ငါးဖမ်းရာတွင် စည်းကမ်းမဲ့ဖမ်းဆီးမှုကြောင့် ယခုလိုရေနေသတ္တဝါများရှားပါးလာရခြင်းဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(ပြန်/ဆက်)**

## ကျေးရွာသုံးရွာ သောက်သုံးရေဖူလုံရေး မြေသားကန်များ တူးဖော်ပေးလျက်ရှိ

**ကျောက်ဆည် မတ် ၁၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပိတောက်တက်၊ ထိန်ကန်နှင့် ရေကျင်ကျေးရွာ သုံးရွာကို သောက်သုံးရေဖူလုံရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရက ကျေးရွာတစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၅ သိန်းဖြင့် ပိတောက်တက်ကျေးရွာတွင်(၅၀ × ၅၀ × ၆)ပေအကျယ်၊ ရေကျင်ကျေးရွာတွင်(၁၅၂ × ၆၁ × ၅)ပေအကျယ်ရှိ မြေသားရေကန်တစ်ကန်စီကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတူးဖော်ပေးခဲ့ပြီး ထိန်ကန်ကျေးရွာအတွက်(၅၀ × ၅၀ × ၆)ပေအကျယ် မြေသားရေကန်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတူးဖော်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ မြေသားရေကန်များ တူးဖော်ဆောင်ရွက်နေမှု ပြီးစီးမှုအခြေအနေများကို မတ် ၁၈ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်အေးသူဇာလှ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးတို့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာများရှိ မိသားစုဝင်များသည် ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းနေထိုင်ကြသည့် မိသားစုဝင်များဖြစ်ပြီး ယခုအခါ အတည်တကျနေထိုင်မှုရှိသဖြင့် နိုင်ငံတော်အစိုးရမှ ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ပြည်ထဲရေးအမည်ပေါက် အသိအမှတ်ပြုခဲ့ပြီး လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် သောက်သုံးရေကန်များ တူးဖော်ပေးလျက်ရှိသည့်အပြင် ကျေးရွာခြင်းဆက်လမ်းများပါ ဖောက်လုပ်ပေးထားကြောင်းလည်း သိရသည်။ **သက်မောင်**



**ရထားရဲတပ်ဖွဲ့ အမှတ် (၁၁) တပ်ခွဲ ပဲခူးရထားရဲစခန်းမှ စခန်းမှူး ရဲအုပ် စိုးမြင့်ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ပဲခူးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တို့သည် မတ် ၁၆ ရက်က ပဲခူးရထားရဲစခန်း နေအိမ်လိုင်းခန်းရှေ့တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်စဉ်။** ကြေးမုံ

## ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ်ဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသ

**စစ်တွေ မတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များကို စစ်တွေမြို့ ရွှေကရုဏာ စေတနာဆေးခန်း၌ ယနေ့နံနက်ပိုင်းမှ စတင်ပြီး မတ် ၂၁ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရွှေကရုဏာဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးက မျက်စိအထူးကု ပါမောက္ခ ဒေါက်တာခင်ဥမ္မာခိုင် ဦးစီးပြီးတော့ ဆရာဝန်ကိုးဦး၊ မျက်မှန်ကျွမ်းကျင်တစ်ဦးနဲ့ သူနာပြု ဆရာမလေးဦးတို့က ခွဲစိတ်ကုသပေးနေတာဖြစ်ပါတယ်၊ ကျွန်တော်တို့ လူနာ ၇၀၀ ကျော်ကို စမ်းသပ်ထားပြီးဖြစ်ပါတယ်၊ ဆက်ပြီးတော့လည်း စမ်းသပ်မှုတွေ လုပ်နေပါတယ်၊ ဒီအထဲက လူနာ ၃၀၀ ကျော်ကို ဒီနေ့ကစပြီးတော့ ၂၁ ရက်အထိ ခွဲစိတ်ကုသသွားပါမယ်" ဟု ရွှေကရုဏာဖောင်ဒေးရှင်း ပြန်ကြားရေးတာဝန်ခံ ကိုတင်ငြိမ်းဦးက ပြောသည်။

ရွှေကရုဏာဖောင်ဒေးရှင်းအနေဖြင့် မျက်စိဝေဒနာရှင်များကို ၁၂ ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး မျက်စိခွဲစိတ်ကုသမှုခံယူမည့်သူများကိုလည်း စစ်တွေမြို့တွင် တည်းခိုနေထိုင်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

**တင်ထွန်း**

## စစ်တွေမြို့၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု(နည်းပြ)သင်တန်းဖွင့်လှစ်

**စစ်တွေ မတ် ၁၉**



ရခိုင်ပြည်နယ်အတွင်း ဘေးအန္တရာယ်များကို စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်အတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု(နည်းပြ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် တိုက်ရိုက်ထိစပ်နေသည့်အတွက် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ သဘာဝဘေးအန္တရာယ်များသည် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်လျော့နည်းအောင် ဆွဲအားတစ်ခုအနေဖြင့်ရှိနေကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည့်အခါ တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်း သီးခြားဆောင်ရွက်၍ မရပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာလျှင် သဘာဝဘေးအန္တရာယ်များကို ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်များမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၉ ရက်မှ ၂၃ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၉**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွား ၆၀၄ ကောင်နှင့် ဆိတ် ၉၁၈ ကောင်တို့အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာတွင် နွား ၂၄ ကောင်အား ထောင့်သန်းရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ ဆိတ် ၁၆ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပန်းတောပြင်စခန်းအနီးရှိ ရွှေဇာဟိုလ်(တိုင်းရင်းသား)ကျေးရွာတွင် နွား ၁၈ ကောင်အား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၂၄ ကောင်အား ကုသပေးခြင်း ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရစခန်း စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၆၀၄ ကောင်နှင့် ဆိတ် ၉၁၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့အမျိုးသားနေ့အခမ်းအနား ကျောက်တော်မြို့၌ ကျင်းပ



**ကျောက်တော် မတ် ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့လူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ချစ်ခင်ရင်းနှီးခွင့်ရရှိစေရန် ရည်ရွယ်လျက် မြို့အမျိုးသားနေ့အခမ်းအနားကို မတ် ၁၈ ရက်က ကျောက်တော်မြို့နယ် လမ်းမတော်ကျေးရွာ၌ ကျင်းပသည်။

၂၀၁၇ ခုနှစ် မတ် ၂၇ ရက်က ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နယ်(ခွဲ) မိတ်စာ(၁)ကျေးရွာတွင် ကျင်းပသော သုံးကြိမ်မြောက် မြို့စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးပွဲတော်၌ မြို့နယ်ပေါင်းစုံ ရဟန်းရှင်လူပြည်သူ ၃၀၀၀ ကျော်တို့က စည်းလုံးညီညွတ်စွာဖြင့် တန်ခူးလဆန်း ၂ ရက်နေ့ကို မြို့အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ မြို့အမျိုးသားထုတစ်ရပ်လုံး တညီတညွတ်တည်း သတ်မှတ်ခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ် မတ် ၁၈ ရက် (တန်ခူးလဆန်း ၂ ရက်)တွင် မြို့အမျိုးသားနေ့ အခမ်းအနားကို ကျောက်တော်မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း မြို့အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးမြထွန်းက ပြောကြားသည်။

မြို့လူမျိုးများသည် ရခိုင်ပြည်နယ်ရှိ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် အများဆုံးနေထိုင်ကြသော်လည်း ယခုနှစ်တွင်မူ ကျောက်တော်မြို့၌ အဆိုပါအခမ်းအနားကို မြို့လူမျိုးများ စုပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ရဟန်းရှင်လူပြည်သူ ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်**

### ❋ MFF Open Cup မှ

၁၈ ဂိုး-လေးဂိုး၊ Titans XII အသင်းက Panda အသင်းကို ငါးဂိုး-ဂိုးမရှိ၊ Hopan အသင်းက YZN အသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲများအတွက် ချီးမြှင့်သည့် ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို Hopan အသင်းမှ အောင်သူကို၊ Comrade အသင်းမှ ပုညာ၊ UM အသင်းမှ စိုးမင်းသန့်၊ MMU Exclamation အသင်းမှ သန့်ဇင်ထွန်းနှင့် Titans XII အသင်းမှ လွင်မိုးတို့က ရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**

### ❋ ကျောဖုံးမှ

ဈေးနှုန်း သက်သက်သာသာနဲ့ ရောင်းချတာတွေရှိပါတယ်၊ နာရီအမျိုးအစား များစွာနဲ့ မျက်မှန်နဲ့အခြား အဝတ်အထည်၊ စောင် စတာတွေက ဈေးနှုန်းသက်သာပါတယ်၊ အကြမ်းဖက်မှုဖြစ်နေစဉ်အတွင်း ရောင်းဝယ်ဖောက်ကားမှုတွေ အခက်အခဲအချို့ရှိခဲ့ပေမယ့် အခုချိန်မှာ အေးအေးချမ်းချမ်းနဲ့ အားလုံးပုံမှန်အနေအထားဖြစ်နေပါပြီ"ဟု မောင်တောမြို့မဈေးမှ ဆိုင်ရှင်တစ်ဦးက ပြောသည်။

မောင်တောမြို့ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးကို နံနက် ၆ နာရီမှ ၁၁ နာရီထိ ရောင်းချလျက်ရှိပြီး ရောင်းဝယ်ဖောက်ကားသူများနှင့် စည်ကားလျက်ရှိကြောင်း၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများမှာလည်း ပုံမှန်ဈေးနှုန်းသာရှိကြောင်း၊ ဝက်သားတစ်ပိဿာ ကျပ် ၁၄၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၁၄၀၀၀၊ ကြက်သား တစ်ပိဿာ ကျပ် ၁၈၀၀၀၊ ဂေါ်ဖီတစ်ထုပ် ကျပ် ၅၀၀၊ အာလူးတစ်ပိဿာ ကျပ် ၁၀၀၀၊ ကြက်သွန်အနီ တစ်ပိဿာ ကျပ် ၁၆၀၀ နှင့် အခြားဟင်းသီးဟင်းရွက်ဈေးနှုန်းများမှာလည်း ဝယ်ယူစားသုံးသူများအတွက် ပုံမှန်ဈေးနှုန်းများဖြင့်သာ ရောင်းချလျက်ရှိကြောင်း ဟင်းသီးဟင်းရွက် ရောင်းဝယ်သူတစ်ဦးထံမှ သိရသည်။

မောင်တောမြို့မဈေးသည် အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ ရောင်းချလျက်ရှိကြောင်း၊ တနင်္လာနေ့တစ်ရက်ကို ပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်း၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည် ပိတ်ရက်မရှိ နေ့စဉ် ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**

### ❍ အမျိုးသားပတ်လည်မှ

ဖိကစားနိုင်ပြီး နောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက အသာစီးမှ ကစားကာ ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော် (ရေ) အသင်းသည် သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှာမူ ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး တပ်မတော်(လေ) အသင်းသည် လေးပွဲဆက်အရေးနိမ့်ခဲ့ရသည်။ ပဉ္စမနေ့ကို မတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် All Star အသင်းနှင့် သိမ်ဖြူလူငယ်အသင်း၊ နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ခြောက်နှစ်အရွယ် ကလေးငယ်အား အဓမ္မပြုကျင့်ရန် ကြံစည်သူကို ဖမ်းမိ



**မိုးကောင်း မတ် ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်တွင် မတ် ၁၇ ရက် ည ၈ နာရီခန့်က ပထွေးဖြစ်သူမှ ခြောက်နှစ်အရွယ် မယားပါသမီးငယ်ကို အဓမ္မပြုကျင့်ရန် ကြံစည်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်း၏နေအိမ်သို့ သွားရောက်မေးမြန်းရာ ကျူးလွန်ကြံစည်သူ၏ ဇနီး၏ ပြောပြချက်အရ ၎င်းရှိသည့်နေရာကို သိရသည့်အတွက် မတ် ၁၈ ရက် ည ၈ နာရီက မိုးကောင်းဘူတာအတွင်းမှ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ရှဒူးဇွတ်၊ မော်ဘက်မှာရခဲ့ကြတဲ့ မော်လင်မော်မယားတွေပါ။ ရပ်ကွက်ထဲနေတာ သုံးနှစ်လောက်ရှိပြီ ဆိုပေမယ့် ပထွေးဖြစ်သူက အနေနည်းပါတယ်။ တစ်လမှ တစ်ခေါက်လောက် ပြန်လာပြီး ရပ်ကွက်မှာလည်း သိပ်ရောရော နှောနှောနေတာမရှိတော့ သူ့ရုပ်တောင် သိပ်မမှတ်မိချင်ဘူး"ဟု သွားရောက်ဖမ်းဆီးစဉ် လိုက်ပါခဲ့သူ ကျွန်းတောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်အေးက ပြောသည်။

ဖြစ်စဉ်မှာ ကျွန်းတောရပ်နေ ဒေါ်စန္ဒာဝင်းသည် အပြင်မှ ပြန်လာစဉ် သမီး......(၆)နှစ်ကို မတွေ့သဖြင့် သားဖြစ်သူကို မေးမြန်းရာ ပထွေးဖြစ်သူ ဦးသက်ပိုင် (၃၈)နှစ်မှ နန့်ရင်းချောင်းဘက်သို့ ခေါ်သွားကြောင်း ဖြေဆိုသဖြင့် လိုက်လံရှာဖွေရာ သက်ပိုင်မှာ ထွက်ပြေးသွားပြီး သမီးငယ်ကို အိမ်သို့ခေါ်ယူမေးမြန်းရာ အဓမ္မပြုကျင့်ရန် ကြံစည်နေစဉ် မိခင်အသံကြားသဖြင့် ထွက်ပြေးသွားကြောင်း မိခင်က ပြောပြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အဓမ္မပြုကျင့်ရန် ကြံစည်သူ ဦးသက်ပိုင်ကို မိုးကောင်းမြို့မရဲစခန်းမှ (ပ)၅၆/၂၀၁၈၊ ရာဇသတ်ကြီး ၃၇၆/၅၁၁ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းမင်းဦး**




# လှိုင်သာယာမြို့နယ်အတွင်း လုယက်မှု ကိုးမှုနှင့် ခိုးမှု ငါးမှု ဖော်ထုတ်ရရှိ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ခိုး၊ ဆိုး၊ လု၊ နှိုက်မှုများ ဖမ်းဆီးရမိရေးအတွက် လင်းယုန်စီမံချက်အဆင့် (၁)ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ခိုးမှုပြစ်ချက်ဟောင်းရှိသူများကို ဖမ်းဆီးစစ်ဆေးရာမှ လှိုင်သာယာမြို့နယ်အတွင်း လုယက်မှု ကိုးမှုနှင့် ခိုးမှု ငါးမှု ဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

မတ် ၇ ရက် ည ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် ခိုးမှုပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် သန်းမြင့်အောင်(ခ) ဗေလုဝ (၂၀)နှစ်၊ မျိုးမင်းဦး(ခ) အသေးလေး(၁၆)နှစ်၊ သက်မောင်မောင်(ခ)မွေးနီ(၁၈)နှစ်၊ သော်ဇင်လင်း(၁၇)နှစ်၊ သဲနိုင်မိုး(ခ)ဖိုးစိုး (၂၀)နှစ်တို့အား စစ်ဆေးရာ ၎င်းတို့သည် ဇန်နဝါရီလတွင် လှိုင်သာယာမြို့နယ်အတွင်း၌ Hensim အမျိုးအစား ဆိုင်ကယ် တစ်စီး၊ Samsung အမျိုးအစား အဖြူရောင် လက်ကိုင်ဖုန်း တစ်လုံး၊ Redmi အမျိုးအစား ငွေမင်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Oppo အမျိုးအစား အဖြူရောင် လက်ကိုင်ဖုန်း တစ်လုံး၊ Vivo အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Feiling 125 CZI အမျိုးအစား အနက်ရောင်ဆိုင်ကယ် တစ်စီးတို့အား ခိုးယူ၊ လုယက်ရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့ သည်။

အလားတူ ၎င်းတို့ ငါးဦးသည် ဖေဖော်ဝါရီလအတွင်း Oppo အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်း တစ်လုံး၊ မတ်လအတွင်း Huawei အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်း တစ်လုံး၊ Vivo အမျိုးအစား အဖြူရောင် လက်ကိုင်ဖုန်း တစ်လုံး၊ Kenbo အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်း တစ်လုံး၊ Phicomm အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Samsung အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Canda အမျိုးအစား အနီရောင် ဆိုင်ကယ် တစ်စီး၊ Kenbo 125 အမျိုးအစား အနက်ရောင် ဆိုင်ကယ်တစ်စီးတို့အား ခိုးယူ၊ လုယက်ရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ သန်းမြင့်အောင် (ခ) ဗေလုဝပါ ငါးဦးတို့အား လှိုင်သာယာမြို့မရဲစခန်းနှင့် သောင်ကြီးနယ်မြေရဲစခန်းတို့တွင် အမှုများ အသီးသီးရေးဖွင့်ပြီး သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ပိုင်ရှင်အစစ်အမှန် သိရှိနိုင်ရန်အတွက် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာရဲစခန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးဖော်ပြထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အငှားယာဉ်မောင်းအား သတ်ပြီး ကားလုယူမှုဖြစ်

**ကျောင်းကုန်း မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ-၃၀၂ အမှုကို လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့ရာ သေဆုံးသူ၏မိသားစုများ တွေ့ရှိသွားပြီး မတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျောင်းကုန်းမြို့မရဲစခန်း၌ သေဆုံးသူ၏ အဝတ်အစား၊ အမှတ်အသားများ အတည်ပြုရာ မှန်ကန်ကြောင်း သိရှိရသည်။

သေဆုံးသူမှာ ရွှေပြည်သာမြို့နယ်နေ အေးမင်းဦး (ခ) ဝတုတ်ဖြစ်ကြောင်း၊ ပုသိမ်-ချောင်းသာသို့ တစ်ရက်လျှင် လေးသောင်းကျပ်ဖြင့် လေးညအိပ် ငါးရက် အငှားလိုက်သွားကြောင်း သေဆုံးသူ၏ မိခင်က ပြောသည်။

မော်တော်ယာဉ်နံပါတ်မှာ DD/--- probox အဖြူရောင် TAXI 1185 ဖြစ်ကြောင်း၊ ကျောင်းကုန်း တိုးဂိတ်သို့ ဖြတ်၊ မဖြတ်စုံစမ်းရာ မတွေ့ရှိဘဲ ညောင်တုန်း ဗိုလ်မြတ်ထွန်းတံတားရဲ့ CCTV ၌ မတ် ၁၈ ရက် နံနက် ၄ နာရီ ၂၇ မိနစ်တွင် နောက်ကြောင်းပြန်ခေါက်ကြောင်း ဖြတ်စာရင်းမှာ တွေ့ရသဖြင့် ကားပြန်လည်ရရှိရေးနှင့် တရားခံများ အမြန်ဆုံးဖမ်းမိနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြန်မာအလုပ်သမားများ တင်ဆောင်လာသည့် ဗင်ကား မီးလောင်မှုကြောင့် သုံးဦးသေ

**ဗန်ကောက် မတ် ၁၉**

ထိုင်းနိုင်ငံ ဖရွှမ်ဘူရီခရိုင် အာရှအမြန်လမ်းမ ၃၂ မှ ၇၇ ကီလိုမီတာအတွင်း မတ် ၁၇ ရက်က ဗီဇာအသစ်ပြုလုပ်ရန် ပြန်လာသည့် မြန်မာအလုပ်သမားများ တင်ဆောင်လာသော ဗင်ကားတစ်စီးနှင့် ကုန်ကားတစ်စီးတို့ တိုက်မိခဲ့ရာ မြန်မာနိုင်ငံသား သုံးဦး မီးလောင်သေဆုံးသွားခဲ့ကြောင်း ထိုင်းနိုင်ငံထုတ် ဗန်ကောက်ပို့စ် သတင်း၏ ဖော်ပြထားချက်အရ သိရသည်။

မြန်မာနိုင်ငံသားများအား တင်ဆောင်လာသည့် ဗင်ကားသည် ကုန်ကားဖြင့် တိုက်မိချိန်တွင် မီးလောင်ခဲ့သဖြင့် မြန်မာနိုင်ငံသားသုံးဦး မီးလောင်သေဆုံးခဲ့ကြောင်း၊ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းယာဉ်တိုက်မှုတွင် Ban Paneng ရှိ အာရှအမြန်လမ်းမ ၃၂ မှ ၇၇ ကီလိုမီတာအကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အခင်းဖြစ်ရာတွင် လူသုံးဦး အပျက်စီးအပိုင်းအစကြား ပိတ်မိနေခဲ့ပြီး မမှတ်နိုင်တဲ့အခြေနေမျိုးဖြစ်ကြောင်း ဖရွှမ်ဘူရီဒေသ ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ရဲမှူးကြီး ပူရီဝက် ပီလူအက်က ပြောသည်။

ထိုင်းမီဒီယာများ၏ ဖော်ပြချက်အရ သေဆုံးသူ သုံးဦးသည် မြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီး နှစ်ဦးဖြစ်ကြောင်း၊ အခြားမြန်မာနိုင်ငံသား ရှစ်ဦးမှာ ငါးဦးမှာ အမျိုးသားဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိခဲ့မှုကြောင့် ဖရွှမ်ဘူရီဆေးရုံသို့ တင်ပို့ထားရကြောင်း၊ ဗင်ကားမောင်းသူမှာ ရွှန်နက်ခရွှမ်တွန်ရက် ဆိုသူဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ chiang rai မြို့ကိုသွားမည့် ကားဖြစ်ကြောင်း၊ လိုက်ပါလာသည့် မြန်မာနိုင်ငံသားအချို့သည် ဗီဇာအသစ် ပြုလုပ်ရန်နှင့် နေရပ်ပြန်မည့်သူများဖြစ်ပြီး တိုက်မိခဲ့သည့် (၁၈) ဘီးတပ်ကုန်တင်ယာဉ်မှ ခရီးသည်များတင်ဆောင်လာသည့် ဗင်ကား၏ တံခါးကို တိုက်မိပြီး တိမ်းမှောက်သွားခဲ့ရာမှ မီးလောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တရားမဝင် သယ်ဆောင်လာသော အကောက်ခွန်မဲ့ အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်တွင် တရားမဝင် သယ်ဆောင်လာသော အကောက်ခွန်မဲ့ အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်းများကို ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်းမှ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် Toyota Wish ယာဉ် နှစ်စီးနှင့် ခရီးသည်တင်ယာဉ် နှစ်စီးတို့အား မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း အမျိုးအစား ၁၄ မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၆၁ သန်း) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မတ် ၁၈ ရက်က စစ်ဆေးရေးစခန်းများက တရားမဝင် ကုန်စည် တားဆီးနိုင်ခဲ့မှုတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၁၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၉ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၅၁ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ် ၁၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၈ စီး၊ သွင်းကုန် ၉၅၉ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅ စီး၊ သွင်းကုန် ၁၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

## မြန်မာ့ရုပ်မြင်သံကြား

## Entertainment Channel

**၂၀-၃-၂၀၁၈ (အင်္ဂါနေ့)**

၀၅:၀၀ အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး
၀၅:၂၀ ပြည်သူ့နီတိ "စည်းအပြင်ကလူ"
၀၅:၃၅ ဆန်းသစ်လှပ မြန်မာ့အက
၀၅:၅၅ Mahar Thakya Atula Man Aung - Nga Htat Kyee
၀၆:၁၀ Travelogue: "Anyar Myay" or Upcountry (Part-1)
၀၆:၃၅ Myanmar Big Circular Tray
၀၆:၅၀ Chef Life: Cho Wut Ye
၀၇:၀၀ Surprise Meals
၀၇:၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၀၇:၃၀ ပြည်သူ့နီတိ "စည်းအပြင်ကလူ"
၀၇:၄၅ ရင်ထဲစွဲထင် တေးဂန္ထဝင်
၀၈:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၈)
၀၈:၃၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၀)
၀၉:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၁)
၀၉:၃၅ ကာတွန်းအစီအစဉ် "Taking Tiger Montain"
၁၁:၀၅ Surprise Meals
၁၁:၃၀ ဆန်းသစ်လှပ မြန်မာ့အက
၁၁:၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "မမ မမ"
၁၃:၁၀ Mahar Thakya Atula Man Aung - Nga Htat Kyee
၁၃:၂၅ Law of Jungle (Ep-252)
၁၄:၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၈)
၁၄:၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၀)
၁၅:၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၁)
၁၅:၄၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကာရန်ညီတဲ့အိမ်ကလေး"
၁၇:၃၀ ကာတွန်းအစီအစဉ် "Chhota Bheem (Episode-19)"
၁၈:၀၀ Law of Jungle (Ep-253)
၁၈:၄၅ MRTV Entertainment Music
၁၉:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၉)
၁၉:၃၀ One Championship
၂၀:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၂)
၂၀:၃၀ Game Show "10 to Million Myanmar" (Epi-100)
၂၁:၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၂၁:၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားနဲ့စစ်တာဝန်"
၂၃:၃၀ Mahar Thakya Atula Man Aung - Nga Htat Kyee
၂၃:၅၀ Travelogue: "Anyar Myay" or Upcountry (Part-1)

**၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

၀၀:၁၅ Myanmar Big Circular Tray
၀၀:၃၀ ကာတွန်းအစီအစဉ် "Taking Tiger Montain"
၀၁:၅၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၉)
၀၂:၂၅ မြန်မာရုပ်ရှင် "ရှော့ရှိတဲ့ အချစ်များ"
၀၅:၀၀ အစီအစဉ်ပြီး၏။

## ဘောလုံးလောက သတင်းတိုများ

စပါးအသင်း၊ လက်စတာအသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် မန်ယူနောက်တန်းကစားသမား လုခ်ရှောအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**ဘရာဇီးကြယ်ပွင့်နေမာသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း လက်ရှိကလပ်ပီအက်စ်ဂျီအသင်း၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗားက ပြောကြားခဲ့သည်။**

အာဆင်နယ်အသင်းသည် ဘင်ဖီကာအသင်းမှ ဆားဘီးယားကြယ်ပွင့် ဇစ်ကိုဗစ်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး မန်ယူအသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မန်ယူအသင်းနည်းပြဟောင်း ဗန်ဟားလ်သည် မန်ယူအသင်းတွင် နည်းပြအဖြစ်ကိုင်တွယ်စဉ်က ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးအား ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။**

ဘာစီလိုနာဂိုးသမား တာစတီဂန်သည် အသင်းဖော် အင်နီယေစတာအား ဘာစီလိုနာအသင်းတွင် ဆက်ရှိနေရန်တောင်းဆိုထားကြောင်း ပြောကြားခဲ့သည်။

# ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒိုစကီးနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ သဘောတူညီမှုရရှိခဲ့ဟုဆို



ရီးယဲလ်မက်ဒရစ်အသင်းသည် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးအားခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိရာ လက်ရှိတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိထားခဲ့ပြီဖြစ်ကြောင်းသိရသည်။

စပိန်နိုင်ငံမှလာသောသတင်းများအရ ပိုလန်ကြယ်ပွင့် လီဝန်ဒိုစကီးသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားကြောင်း ဖော်ပြထားသည်။

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်အနေဖြင့် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည့်အပြင် လက်ရှိတွင်လည်း ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးကို ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်းသိရသည်။

တိုက်စစ်မှူး လီဝန်ဒိုစကီးအား ချယ်လ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိနေသော်လည်း စပါးအသင်းကမူ ဟယ်ရီကိန်းအား ရောင်းချရန် ငြင်းဆိုထားကြောင်းသိရသည်။

သို့သော် တိုက်စစ်မှူး လီဝန်ဒိုစကီးနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့မှာ သဘောတူညီမှုရရှိထားခြင်းကြောင့် ဘာနေဗျူးတွင် မြင်တွေ့ရတော့မည်ဖြစ်သည်။



# ကစားသမားဘဝတစ်လျှောက် အကြိမ် ၅၀ မြောက်ဟက်ထရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒို သွင်းယူ

တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းက ဂျီရိုနာအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၎င်း၏ ကစားသမားဘဝတစ်လျှောက်တွင် အကြိမ် ၅၀ မြောက်သွင်းယူခဲ့သည့် ဟက်ထရစ်ဂိုးလည်းဖြစ်လာခဲ့သည်။

စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျီရိုနာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက်သွင်းဂိုးများကို စီရိုနယ်လ်ဒိုက ပွဲကစားချိန် ၁၁ မိနစ်၊ ၄၇ မိနစ်၊ ၆၄ မိနစ်နှင့် မိနစ် ၉၀ တို့တွင် လေးဂိုးသွင်းယူပေးခဲ့ပြီး ဗက်ဇ်ကွက်ဇ်က ၅၉ မိနစ်နှင့် ဂါရတ်ဘေးလ်က ၈၆ မိနစ်တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဂျီရိုနာအသင်းအတွက် ချေပဂိုးများကို စတူအာနီက ၂၉ မိနစ်နှင့် ၆၇ မိနစ်တွင်တို့တွင်လည်းကောင်း၊ ရာမီရက်လိုပက်ဇ်က ပွဲကစားချိန် ၈၈ မိနစ်တို့တွင်လည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည် ယခုပွဲစဉ်တွင် သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် လာလီဂါပွဲစဉ် ၂၉ အပြီးတွင် သွင်းဂိုး ၂၂ ဂိုးအထိရှိလာခဲ့ပြီး လာလီဂါဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင်လည်း ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကာ ဂိုးအများဆုံးသွင်းယူထားသည့် တိုက်စစ်မှူး မက်ဆီနှင့် သုံးဂိုးသာကွာတော့ကြောင်း သိရသည်။ တိုက်စစ်မှူး မက်ဆီမှာ လာလီဂါသွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူထားသည်။

ရီးယဲလ်မက်ဒရစ်အသင်းမှာ ဂျီရိုနာအသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယား၏ အဆင့်(၄)နေရာမှ ဗလင်စီယာအသင်းကို တစ်မှတ်ဖြတ်ကာ အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**ငွေကြယ် - ရေးသားသည်**

# အက်ဖ်အေဖလားအတွက် အစွမ်းကုန် တိုက်ပွဲဝင်သွားကြမည်ဆိုသည့် ကန်တီနှင့် ပိုချက်တီနို

အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်များ မဲခွဲမှုတွင် စပါးနှင့် မန်ယူ၊ ချယ်လ်ဆီးနှင့် ဆောက်သမ်တန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး အဆိုပါ ပွဲစဉ်များကို ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးကွင်းလယ်လူ ကန်တီက အက်ဖ်အေဖလားမှာ ယခုနှစ်ဘောလုံးရာသီ ချယ်လ်ဆီးအတွက် မျှော်လင့်စရာ တစ်ခုတည်းသောဖလားဖြစ်လာသည့်အတွက် နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ ချယ်လ်ဆီးမှာ ပရီမီယာလိဂ် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခြင်းမရှိသလို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကလည်း ဘာစီလိုနာကို အရေးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးဖြစ်သည်။

သို့သော် ချယ်လ်ဆီးမှာ လက်စတာအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် ခြေစွမ်းကောင်းမွန်ခဲ့ပြီး တိုက်စစ်မှူး ပက်ဒ်ရို၏ အချိန်ပိုတွင် သွင်းယူသည့် ဂိုးဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားနိုင်ခဲ့သည်။ ချယ်လ်ဆီးကွင်းလယ်လူ ကန်တီက“ လက်စတာအသင်း ကောင်းကောင်း ကစားသွားနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီပွဲမှာ အနိုင်ရတာက ကျွန်တော်တို့အတွက် အရေးကြီးပါတယ်။ ဒီဖလားဟာ ဒီရာသီမှာ ကျွန်တော်တို့ ရယူနိုင်တဲ့ တစ်ခုတည်းသော ဖလားဖြစ်တာကြောင့် အဆုံးအထိ တိုက်ပွဲဝင်သွားမှာပါ” ဟု မဲခွဲဆုံးဖြတ်မှုအပြီးတွင် ပြောကြားသွားခဲ့သည်။

စပါးနည်းပြ ပိုချက်တီနိုက မန်ယူနှင့် ပွဲစဉ်အတွက် စိုးရိမ်မှုမရှိကြောင်း ဆိုခဲ့သော်လည်း “ လျှောက်လှမ်းဖို့ ခရီးအဝေးကြီး ကျန်ပါသေးတယ်။ ကျွန်တော်တို့ အခု ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ပြီး နောက်တစ်ဆင့်နီးကပ်လာပြီလို့



ခံစားရတာတောင် အများကြီး ကျန်ပါသေးတယ်” ဟု မှတ်ချက်ပြုသွားခဲ့သည်။

အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်လာသည့် မန်ယူ၊ ချယ်လ်ဆီးနှင့် စပါးအသင်းတို့မှာ ချန်ပီယံလိဂ်၁၆သင်းအဆင့်ကပင် ထွက်ခွာခဲ့ရပြီဖြစ်သဖြင့် အက်ဖ်အေဖလားကို အာရုံစိုက် ယှဉ်ပြိုင်သွားဖွယ်ရှိသည်။

**မေလှဲ့သင်း**

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၅,၀၁၈.၂၈၀ | | | | | | | | | ၄၅,၀၁၈.၂၈၀ |
| | ပေါင်း | | | | ၄၅,၀၁၈.၂၈၀ | | | | | | | | | ၄၅,၀၁၈.၂၈၀ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၅,၄၆၄.၉၄၂ | | | ၅၀၈.၁၉၆ | | | | | ၁၅,၉၇၃.၁၃၈ |
| | ပေါင်း | | ၁၅,၄၆၄.၉၄၂ | | | ၅၀၈.၁၉၆ | | | | | ၁၅,၉၇၃.၁၃၈ |

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၀,၁၅၁.၄၀၀ | | | | | | | | | ၁၀,၁၅၁.၄၀၀ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၇၃,၇၆၄.၀၉၁ | | | | ၁၇,၃၃၆.၉၄၀ | | ၈၄,၁၀၇.၅၉၇ | | | ၂၇၅,၂၀၈.၆၂၈ |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၉၂,၁၂၉.၂၇၀ | | | | ၃၄.၅၀၀ | | | | | ၁၉၂,၁၆၃.၇၇၀ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂,၁၁၃,၁၃၈.၉၃၆ | | | | ၁၆၀.၄၀၀ | | ၁၃၃,၃၉၃.၄၁၄ | | | ၂,၂၄၆,၆၉၂.၇၅၀ |
| ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၀,၃၈၆.၇၅၈ | | | | | | | | | ၄၀,၃၈၆.၇၅၈ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၂၉,၇၃၆.၈၈၅ | | | | ၂,၆၅၈.၄၂၀ | | ၁၁၆,၅၃၄.၄၄၂ | ၅,၀၀၀.၀၀၀ | | ၄၅၃,၉၂၉.၇၄၇ |
| | ပေါင်း | | | | ၂,၈၅၉,၃၀၇.၃၄၀ | | | | ၂၀,၁၉၀.၂၆၀ | | ၃၃၄,၀၃၅.၄၅၃ | ၅,၀၀၀.၀၀၀ | | ၃,၂၁၈,၅၃၃.၀၅၃ |

ဆက်လက်ဖော်ပြပါမည်။

## နတ်တလင်းမြို့ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နတ်တလင်း မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာပေချစ်သူများအဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော ကလေးစာပေပွဲတော်ကို မြို့မ အခြေခံပညာ အထက်တန်းကျောင်း၌ မတ် ၁၉ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးက ကလေးသူငယ်များ စာပေ၌နှစ်သက်မွေ့လျော်၍ စာဖတ်ဝါသနာပါသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ဗဟုသုတပြည့်ဝပြီး အနာဂတ်တိုင်းပြည်အတွက် ဦးဆောင်နိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်းက ကလေးစာပေပွဲတော်များကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်တို့ဖြင့် ကျင်းပလျက်ရှိရာ ယခုမြို့နယ်အဆင့်ကို ပူးပေါင်းကျင်းပခွင့်ရရှိသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကလေးငယ်များ၏ တေးသရုပ်ဖော် အကပဒေသာများဖြင့်ဖျော်ဖြေခြင်း၊ ဂိမ်းကစားပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများ၊ စက္ကူအရုပ်ခေါက် ပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာပေစွမ်းရည်ပြိုင်ပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်နှင့် ကလေးများအတွက် ကပွဲများနှင့် ပျော်ပွဲရွှင်ပွဲများပါဝင်ခဲ့ရာ ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများပါ ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိသောကြောင့် နတ်တလင်းမြို့ ကလေးစာပေပွဲတော်သည် အထူးစည်ကားလျက်ရှိကြောင်း၊ ပွဲတော်ကို မတ် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းမြင့်(နတ်တလင်း)**



## လုပ်ငန်းစွမ်းရည်ပြည့်ဝသည့် ဝန်ထမ်းများ ပေါ်ထွက်လာစေရေး စွမ်းရည်မြှင့်သင်တန်းဖွင့်

**ပျဉ်းမနား မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူး ဖွင့်လှစ်သည့် ဝန်ထမ်းများစွမ်းရည်မြှင့် သင်တန်း (၂/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သင်တန်း ကျောင်း ပျဉ်းမနားမြို့၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ထမ်း များအား စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်သင်ကြား ပေးရခြင်းမှာ ခေတ်စနစ်နှင့်အညီ စိတ်ပိုင်း ဆိုင်ရာသဘောထားများ ပြောင်းလဲလာပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ ဦးစီးဌာန၏ လုပ်ငန်းများကို စွမ်းရည်မြင့်မားစွာဖြင့် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်း စွမ်းရည်ပြည့်ဝသည့် ဝန်ထမ်းများပေါ်ထွက်လာ စေရန် လေ့ကျင့်ပေးခြင်းဖြစ်သည့်အတွက် အထူး သင်ယူမှတ်သားကြရန်နှင့် သင်တန်းသား အချင်းချင်း သိသင့်သိထိုက်တာများကို မျှဝေ အသိပေးပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လည်း လုပ်ငန်းများ မြန်ဆန်ထိရောက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ နေပြည်တော် စာရင်းစစ်ရုံး၊ အမျိုးသားစာကြည့်တိုက်နှင့် ပင်စင်ဦးစီးဌာနတို့မှ သင်တန်းနည်းပြများအပြင် Save the Children International၊ မြို့နယ် ပန်းချီဆရာအသင်းနှင့် မြို့နယ်စာရေးဆရာ အသင်းတို့ကလည်း သက်ဆိုင်ရာဘာသာရပ် များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာန မှ ဝန်ထမ်း ၃၀ အား မတ် ၁၉ ရက်မှ ဧပြီ ၆ ရက် အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရ သည်။

**စိုးမိုး(ပြန်/ဆက်)**

## မန်းချောင်းရေလှောင်တမံမှ နွေသီးနှံစိုက်ပျိုးရေ ပေးဝေမှုနှင့်အတူ ရွှေစက်တော်ဘုရားဖူးများ ချမ်းမြေ့ကြည်နူးစွာ စည်ကားလျက်ရှိ

**မင်းဘူး မတ် ၁၉**



မင်းဘူးခရိုင်၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲ မြို့နယ်အတွင်းရှိ မန်းချောင်းရေလှောင် တမံသည် လက်ထောက်ညွှန်ကြားရေးမှူး ရုံး (ဆည်မြောင်း)၊ ဆည်မြောင်းနှင့်ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန (မင်းဘူးမြို့)မှ ထိန်းသိမ်းထားသော ရေလှောင်တမံတစ်ခု ဖြစ်သည်။ ယခုနှစ်တွင် မန်းချောင်း ရေလှောင်တမံမှ ရေပြည့်သိုလှောင်နိုင်ခဲ့ သည့်အတွက် မန်းချောင်းရေလှောင်တမံ ရေသောက်စနစ်နှင့် အိုင်းမရေလွှဲဆည် ရေသောက်စနစ်များကို နွေစပါး၊ နွေနှမ်း စိုက်ပျိုးရာသီအတွက် ဖေဖော်ဝါရီ ၁၅ ရက် တွင် ရေစတင်ပေးဝေခဲ့သည်။ မန်းချောင်း ရေလှောင်တမံမှ သိုလှောင်ရေကို အိုင်းမ ဆည်သို့ ရေကူးပေးပြီး ယခုနှစ်တွင် နွေစပါး၊ နွေနှမ်း (နွေသီးနှံ) လျာထားဧက စုစုပေါင်း ၁၆၆၈၅ ဧက ရေအပြည့်အဝ ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲ ရေးဦးစီးဌာန (မင်းဘူးမြို့) လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းက “ကျွန်တော်တို့ဌာနက ထိန်းသိမ်းထားတဲ့ မန်းချောင်းရေလှောင်တမံကရေကို ငဖဲမြို့ ပတ်ဝန်းကျင်ဒေသတွေနဲ့ အိုင်းမရေလွှဲ ဆည်ကတစ်ဆင့် မင်းဘူး၊ စကု၊ ပွင့်ဖြူဒေသ များမှ ရေသောက်စနစ်တွေကို စိုက်ပျိုးရေ ပြည့်ဝလုံလောက်စွာ ရေပေးဝေနိုင်တဲ့ အပြင် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ ပါ မန်းချောင်းမှတစ်ဆင့် ရေချပေးထားတာ ဖြစ်ပါတယ်၊ မန်းရွှေစက်တော်၏ ထူးခြား ချက်မှာ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများ မန်းရွှေစက်တော်ရှိ အထက်စက်တော်ရာနှင့် အောက်စက်တော်ရာများကို ဖူးမြော်ကြည် ညိုပြီး ကြည်လင်အေးမြတဲ့ မန်းချောင်းရေချိုး ခြင်းဖြင့် စိတ်ရွှင်လန်းချမ်းမြေ့ကာ နှစ်စဉ် ဖူးမြော်လိုသော ဆန္ဒများ ပေါ်ပေါက်လာ သည့်အတွက် ဆည်ရေအကျိုးနဲ့ ကုသိုလ်ပါ ထပ်တိုးတာပေါ့”ဟု ပီတိစကား ပြောကြား ခဲ့သည်။

မန်းချောင်းရေလှောင်တမံမှ ရေကို စိုက်ပျိုးရန်အတွက်သာမက မန်းရွှေစက် တော်ဘုရားပွဲတော်ကို တပို့တွဲလဆန်း၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ပွဲတော်ကာလ ရက်ရှည်ကြာမြင့်စွာ စည်ကားသိုက်မြိုက်ရေးအတွက် မရှိမဖြစ် ရေလှောင်တမံဖြစ်ပြီး ဒေသနှင့်ပတ်ဝန်းကျင် စိမ်းလန်းသာယာ ဖွံ့ဖြိုးစေသော ပြည်သူ့ အကျိုးပြု တမံဖြစ်ကြောင်း သိရသည်။

ယခုအခါ မန်းချောင်းရေလှောင်တမံမှ သိုလှောင်ရေဖြင့် နွေသီးနှံစိုက်ခင်းများ၊ စပါးခင်းများ စိမ်းလန်းဝေဆာတော့မည် ဖြစ်ကာ မန်းရွှေစက်တော် ဘုရားပွဲတော်တွင် လည်း ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံ မကျ စည်ကားလျက်ရှိကြောင်း သိရ သည်။

**သန်းဌေး(မင်းဘူး)**

## ရုံးလုပ်ငန်းဆိုင်ရာများ စနစ်တကျရှိစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဆော့လော် မတ် ၁၉**

မြစ်ကြီးနားခရိုင် ဆော့လော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးတွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ရုံးလုပ်ငန်းဆိုင်ရာများ သတ်မှတ်ထားသည့် လုပ်ငန်းကဏ္ဍကြီးများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို မတ် ၁၇ ရက် နံနက် ၈ နာရီက မြစ်ကြီးနားခရိုင် ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မျိုးလွင် နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြ သည်။

ထိုသို့စစ်ဆေးရာတွင် လုပ်ငန်းကဏ္ဍကြီး ငါးရပ်ဖြစ်သည့် စည်းရုံးရေး၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းကဏ္ဍ များ၊ ဌာန၏ အထွေထွေလုပ်ငန်းပိုင်းဆိုင်ရာ ကဏ္ဍများပါဝင်ကာ လုပ်ငန်းကဏ္ဍများအား လုံး အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ခြင်း ရှိ-မရှိ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဆောင်ရွက်ခြင်း ရှိ-မရှိတို့ကို စစ်ဆေးခဲ့ ပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များ အောင်မြင် စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တို့အား ဒုတိယညွှန်ကြားရေးမှူး ဦးအောင် မျိုးလွင်က မှာကြားသည်။

ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စတင်တာဝန်ယူစဉ်မှ ယနေ့အထိ ကျေးလက်နေပြည်သူများ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ကျေးရွာ ခုနစ်ရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖြစ် အရင်းမပျောက် မတည် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၉၀၀ အား ထုတ်ချေးပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ရရှိ ရေးအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း တစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက် လျက်ရှိရာ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် ပြည်သူများ အတွက် အကျိုးရှိစွာ အသုံးချလုပ်ကိုင်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## မြို့မဈေးကြီးနှင့်မြို့နယ်လျှပ်စစ်ရုံးတွင်မီးဘေးကြိုတင်ကာကွယ်ရေးမီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

**မြင်းခြံ မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့မ ဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး မီးငြှိမ်းသတ်နည်းလက်တွေ့ သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၉ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်မပြသမီ မြင်းခြံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ကျော် နိုင်က ဈေးသူ၊ ဈေးသားများအား မီးလောင်မှု ဖြစ်လျှင် ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စရပ် များ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း၊ ဒု-မီးသတ်ဦးစီးမှူး ဦးအောင် ကိုသန့်က မီးသတ်ဆေးဘူးအကြောင်းနှင့် အသုံးပြုပုံနည်းလမ်းများကို ရှင်းလင်းပြော ကြားခဲ့ပြီး မီးငြှိမ်းသတ်သရုပ်ပြခြင်းကို ဈေးသူ၊ ဈေးသားများက လက်တွေ့ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင် များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ အလားတူမီးဘေး ကြိုတင်ကာကွယ် ရေး၊ မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို မြို့နယ်လျှပ်စစ်ရုံးတွင်လည်း ပြုလုပ်ရာ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်း၊ မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးအောင်လွင်နှင့် ဝန်ထမ်းများက လက်တွေ့လေ့ကျင့်ခဲ့ကြ ကြောင်း သိရသည်။

မီးငြှိမ်းသတ်နည်း သရုပ်ပြပွဲသို့ မြင်းခြံ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ် မန်နေဂျာ၊ ဈေးကော်မတီနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**





## ချင်းပြည်နယ်ရှိမြို့သုံးမြို့ကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးပေးရန်စီစဉ်

**ဟားခါး မတ် ၁၉**

ချင်းပြည်နယ်အတွင်းရှိ တီးတိန်မြို့၊ မတူပီမြို့ နှင့် ပလက်ဝမြို့တို့ကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးပေးရန် စီစဉ်နေကြောင်း ချင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့၊ ဖလမ်း မြို့၊ ထန်တလန်မြို့၊ ခိုင်ကမ်းမြို့၊ မင်းတပ်မြို့ နှင့် ကန်ပက်လက်မြို့များသို့ လျှပ်စစ်ဓာတ် အား ပို့လွှတ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် မဟာဓာတ်အားလိုင်းရောက်ရှိရန် အလှမ်း ဝေးသည့်မြို့များအနက် ရေဇွာမြို့၊ ရိခေါ ဒါရ်မြို့၊ တွန်းဇံမြို့နှင့် ကျီခါးမြို့များအတွက် ရေအားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင် ရန် အသေးစား ရေအားလျှပ်စစ်စက်ရုံ သုံးခုကို ယခုဘဏ္ဍာနှစ်မှစ၍ တည် ဆောက်ရန် ဆောင်ရွက်ထားကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာ ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနမှ သိရသည်။

“ချင်းပြည်နယ်ကို ပြည်ပလုပ်ငန်းတွေ လာ ရောက်လုပ်ကိုင် ရင်းနှီးမြှုပ်နှံချင်ပေမယ့် လည်း တချို့မြို့တွေက လျှပ်စစ်ဓာတ်အား ၂၄ နာရီမရသေးဘူး။ လက်ရှိမြို့ပေါ်နဲ့ အနီးအနားကျေးရွာတွေကို ဒီဇယ်မီးစက်နဲ့ ရေအားလျှပ်စစ်တို့ကနေတစ်ဆင့် လျှပ်စစ် မီးရရှိနေပေမယ့်လည်း ဒေသတွင်း လို လောက်မှု လုံးဝမရှိတဲ့အတွက်ကြောင့် မီး အလှည့်ကျဖြန့်ဖြူးပေးနေတယ်။ အမြန်ဆုံး နဲ့လက်တွေ့ အကောင်အထည်ဖော်ပေးဖို့ ဒေသခံတစ်ယောက်အနေနဲ့လိုလားပါတယ်” ဟု တီးတိန်မြို့နေ ဦးပါးဒါးလ်က ပြော သည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်အတွက် ရန်ပုံငွေကျပ် ၁၂၇၈၀၈ ဒသမ ၄၀၆ သန်းရရှိခဲ့သည့်အနက်မှ ငွေကျပ် ၁၄၃၂၉ ဒသမ ၉၉၂ သန်းကိုဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှတစ်ဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်လည်း ကောင်း၊ ငွေကျပ် ၁၁၄၃၆ ဒသမ ၄၈၁ သန်း ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အတွက်လည်းကောင်း၊ ငွေကျပ် ၉၅၀၆ ဒသမ ၆၉၇ သန်းကို မြို့ပြစည်ပင်သာယာရေး ဆိုင်ရာ လုပ်ငန်းများအတွက်လည်းကောင်း ခွဲဝေချထားပေးခဲ့ကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။ **နိုဟေဆာ**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်နည်းပြသင်တန်းဖွင့်



**ပဲခူး မတ် ၁၉**
ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း YMBAခန်းမ၌ မတ် ၁၉ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများပူးပေါင်းကာ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်နည်းပြ သင်တန်း(၁/၂၀၁၈)ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ယခုနှစ်အတွင်း ခရိုင်လေးခရိုင်၌ ဆင့်ပွားသင်တန်း လေးကြိမ်၊ နည်းပြသင်တန်း တစ်ကြိမ်၊ ဇာတ်တိုက် ငါးကြိမ်၊ ဟောပြောပွဲအကြိမ် ၅၀ ကျော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အသိပညာပေးဟောပြောပွဲများကို ရပ်ကွက်/ကျေးရွာများအထိကွင်းဆင်းပြီး လက်ကမ်းစာစောင်/ပိုစတာများဖြန့်ဝေပေးခြင်း၊ မြို့နယ်တိုင်းတွင်ငလျင်ဘေး၊ လေပြင်းဘေး ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုသို့ ပန်ကြားချက်ဆိုင်းဘုတ်များ စိုက်ထူပေးခဲ့သဖြင့် ယခင်နှစ်များထက်သဘာဝဘေးအသိပညာပေးလုပ်ငန်းများ ပိုမိုဦးစားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးဦးကာလများဖြစ်သည့် ဧပြီလနှင့်မေလများ၌ လေပြင်းဘေးအန္တရာယ်နှစ်စဉ်ကြုံတွေ့ရသည့်အတွက် ယခုနှစ်တွင်ပဲခူး၊ ကျောက်တံခါး၊ အုတ်တွင်း၊ ရွှေတောင်၊ သာယာဝတီမြို့နယ်များမှဖြစ်ပွားမှုများသည့် ကျေးရွာငါးရွာတွင်အိုးအိမ်များပြင်ဆင်အားဖြည့်ခြင်း လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ပြောကြားသည်။

အဆိုပါ သင်တန်းအား သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များတိုးပွားလာစေရန်၊ သဘာဝဘေးလျော့ပါးရေးဆိုင်ရာအသိပညာများပြည့်ဝစွာသိရှိပြီး ကိုယ်တိုင် လိုက်နာဆောင်ရွက်နိုင်ရုံမျှသာမက ရပ်ရွာဒေသတွင်းရှိ ပြည်သူလူထုထံသို့လည်း ကျယ်ပြန့်ထိရောက်စွာ ဆင့်ပွားဖြန့်ဝေပေးနိုင်ရန်၊ သဘာဝဘေးနှင့်ပတ်သက်၍အရေးပေါ်အခြေအနေကြုံတွေ့ရပါက (Early Warning) ကို အချိန်မီထိရောက်စွာဖြန့်ဝေပေးနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်၊ အရေးပေါ်ရင်ဆိုင် တုံ့ပြန်ရေးဆောင်ရွက်ရာတွင် အခြားသော ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ မြို့နယ် ၂၈ မြို့နယ်မှ ၅၆ ဦး၊ ခရိုင် လေးခရိုင်မှ လေးဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြောင်း သိရသည်။

သင်တန်းတွင် ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ မိမိတို့ဌာနအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## အန္တရာယ်ရှိ သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်း

**ဒဂုံမြို့သစ်(တောင်ပိုင်း) မတ် ၁၉**
ရန်ကုန် အရှေ့ပိုင်းခရိုင် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ခရိုင်မှူး ဦးစိန်ဝင်းမောင်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်တို့ကြီးကြပ်လျက် မတ် ၁၈ရက် နံနက်က ဒဂုံမြို့သစ် (တောင်ပိုင်း) (၂၅) ရပ်ကွက်က တန်ကျွန်းလမ်းတစ်လျှောက် အန္တရာယ်ရှိ သစ်ပင်ကြီးများ၊ သစ်ခြောက်ပင်ကြီးများအား မိဘ ပြည်သူနှင့် လမ်းသွားလမ်းလာများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး စနစ်တကျခုတ်ထွင်ရှင်းလင်းပေးခဲ့သည်။

"မိုးတွင်းကာလမှာ လေပြင်းတွေ တိုက်ရင်သစ်ကိုင်းတွေ ကျိုးကျမှု ဖြစ်စဉ်တွေရှိခဲ့ပါတယ်၊ သစ်ကိုင်းကျိုးရင်ဓာတ်ကြိုးတွေပါပြတ်ကျတဲ့အတွက် အလွန်အန္တရာယ်ဖြစ်စေပါတယ်၊ ယခုလိုဆောင်ရွက်ပေးတာကျေးဇူးတင်ပါတယ်" ဟု ရပ်မိရပ်ဖဦးလှထွေးက ပြောသည်။

**မောင်မောင်**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဟောပြော

**ဆိပ်ကြီးခနောင်တို မတ် ၁၉**
ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးအနောက်ရပ်ကွက် ဓမ္မာရုံ၌ မတ် ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆိပ်ကြီးခနောင်တို ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးသည် သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောခဲ့ရာ ပြည်သူ ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကညင်ရေလှောင်တမံမှ စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်ဖြန့်ဖြူးပေးနိုင်ရေးပါဆောင်ရွက်

**အင်္ဂပူ မတ် ၁၉**
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး တည်ဆောက်ထားသည့် ကညင်ရေလှောင်တမံစီမံကိန်းမှ စပါးစိုက်တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် ဆည်ရေရရှိရေးသာမက ရေအားလျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉) မှ သိရသည်။

"တမံတည်ဆောက်တဲ့ ရည်ရွယ်ချက်က ရေကြီးနစ်မြုပ်မှုကာကွယ်ဖို့ရယ်၊ ရေအားလျှပ်စစ် တည်ဆောက်ခြင်းလုပ်ငန်းတွေရယ်၊ သောက်သုံးရေရရှိဖို့အတွက်နဲ့ ဆည်ရေ သောက်စနစ်ပေါ့၊ တောင်သူတွေအတွက် ရေရရှိရေးကို အဓိကထားပြီး တည်ဆောက်ခဲ့တာပါ။ ရေအားလျှပ်စစ်အနေနဲ့ ၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးနဲ့ ၅ မဂ္ဂါဝပ်ရှိတဲ့ လျှပ်စစ်ဓာတ်အားပေးဖို့ကို ဆောင်ရွက်နေပါတယ်" ဟု ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၉) မှ ဦးစီးအရာရှိ ဦးတင်စိုးကပြောသည်။

ကညင်ရေလှောင်တမံစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ၂၅၀၀၀ ခန့်ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ပြီး ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ် ထုတ်လွှတ်၍ အနီးပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကညင်ရေလှောင်တမံစီမံကိန်းကို ၂၀၀၂-၂၀၀၃ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့ကာ ဆည်ရေသောက်စနစ်အနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့ကြောင်းဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"တောင်သူတွေ နွေစပါးအချိန်မီစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေ အဆင်ပြေစေဖို့အတွက် ဆည်ရေသောက်စနစ်ကို ၂၀၁၁ -၂၀၁၂ ခုနှစ်ကစပြီး နွေစပါးကို ရေစတင်ပေးဝေခဲ့ပါတယ်၊ ဒီနေ့အထိပါ၊ ရေပေးဝေ နိုင်မှုကတော့ ဧက ၂၅၀၀၀ အထိဖြစ်ပါတယ်၊ တောင်သူတွေရဲ့ တင်ပြတောင်းဆိုချက်ပေါ်မူတည် ပြီးတော့လည်း ကျွန်တော်တို့ ဆည်ရေကို ဖြည့်ဆည်းပေးဝေလျက်ရှိပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဆိုင်က ပြောသည်။

ကညင်ဆည်ရေလှောင်တမံ ရေသောက်စနစ်မှနေ၍ နွေစပါးစိုက်ပျိုးရေ ပေးဝေရုံသာမက အနီးအနားကျေးရွာများအား ကျေးလက်ဒေသ မီးရရှိရေးအတွက် လက်ယာမြောင်းတွင် လျှပ်စစ်ပေးနိုင်သည့် လေးပေမှ ခြောက်ပေကျော်ရှိသည့် (DROP ) ရေကျအဆောက်အအုံ ၆ ခုရှိပြီး အဆိုပါ DROP များတွင် လျှပ်စစ်ဂျင်နရေတာများတပ်ဆင်ကာ အသေးစားလျှပ်စစ်ကို မိုက်ကရိုဟိုက်ဒရိုပါဝါများဖြင့် တစ်ပိုင်တစ်နိုင် ပေးဝေလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထုံးဝကျေးရွာ စံပြစိုက်ကွင်းပိုင်ရှင် ကိုဝင်းနိုင်က "နဂိုတုန်းက နွေစပါးမစိုက်ခင်တုန်းကတော့မတ်ပဲပေါ့၊ အခု မတ်ပဲကသိပ်အဆင်မပြေတော့ နွေစပါးဘက်လှည့်လုပ်နေတယ်၊ အခုဆို စပါးကလည်း ငါးသိန်းဈေးဆိုတော့ အဆင်ပြေလာပြီပေါ့၊ ဆည်ရေမရခင်ကတော့ သိပ်အဆင်မပြေဘူး၊ အခုကျ ရေကတော့ပူစရာ မလိုဘူး၊ နွေစပါးကို ပခန်းရွှေဝါစိုက်တယ်၊ ပြီးခဲ့တဲ့နှစ်ကတော့ တစ်ဧကတင်း ၁၂၀ လောက်ထွက်တယ်၊ ဓာတ်ဆားတော့ ကျွေးရတယ်၊ နှစ်တိုင်းကသုံးသီးစိုက်တယ်၊ ကြားထဲမှာ ကြားသီးနှံအနေနဲ့ ပဲတီစိမ်းစိုက်တယ်၊ အခက်အခဲက စပါးမျိုးကောင်းမျိုးသန့်ပဲ အဲဒါသာရရင် ပိုအဆင်ပြေမယ်" ဟုပြောသည်။

"လျှပ်စစ်မီးကို မျှော်လင့်နေတာတော့ တော်တော့်ကိုကြာပါပြီ၊ လျှပ်စစ်ဓာတ်အားသာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုရင် ပတ်ဝန်းကျင်ကျေးရွာတွေမှာ သစ်ခုတ်တာ သစ်တောပြုန်းတီးမှုတွေ ကာကွယ်ပြီးသားဖြစ်သွားမယ်၊ အသေးစား ကုန်ထုတ်လုပ်ငန်းလေးတွေ ဒီဒေသမှာ ထွန်းကားလာမယ်၊ တစ်ဖက်ကလည်း ဆည်ရေနဲ့ စိုက်ပျိုးရေးကို အထောက်အကူပြုမယ်၊ တစ်ဖက်ကလည်း ဒေသခံတွေရဲ့ ပညာရေး၊ ကျန်းမာရေး လူနေမှုဘဝမြင့်ဖို့ လျှပ်စစ်ကလည်း အထောက်အကူပြုမယ်ဆိုရင် ဒီဒေသက လူတွေရဲ့ လူနေမှုဘဝတွေ မြင့်မားလာမယ်လို့ ယူဆပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုမှ တောင်သူဦးစိုးလှိုင်က ပြောသည်။

အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့တွင် ကညင်ဆည်ရေဖြင့် ယခု ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ရာသီတွင် နွေစပါး ၆၂၆၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဆိုင်က "နွေစပါးအပြင် မိုးစပါးအတွက် မိုးဦးကာလမှာ တောင်သူတွေ ပျိုးထောင်ဖို့ ရေလိုတယ်ဆိုရင်၊ မိုးနှောင်းမှာမိုးရေနည်းခဲ့ရင်ပဲဖြစ်ဖြစ် တောင်သူတွေရဲ့ လိုအပ်ချက်ကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ရေပေးဝေသွားမှာဖြစ်ပါတယ်၊ ရေနဲ့ပတ်သက်လို့လို အပ်လာတယ်ဆိုရင် ဆည်မြောင်းနှင့် ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ အသင့်ရှိနေပါတယ်" ဟု ပြောသည်။



**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ကောင်းမြတ်သိန်း**

# လူငယ်နှင့်အားကစား

သူရအေး

လူငယ်များ၏ ပင်ကိုသဘာဝတွင် နုပျိုလန်းဆန်းသည်၊ သွက်လက်ထက်မြက်သည်၊ အရာရာကိုစူးစမ်းလိုသည်၊ အားအင်များ တဖြည်းဖြည်းတိုးပွားလာသည့်အရွယ်ဖြစ်သဖြင့် အားစမ်း လိုသည်၊ ယှဉ်ပြိုင်လိုသည် စသည့်စရိုက်များကိုတွေ့ရတတ်သည်။ အားကစားဆိုသည်မှာလည်း ကာယအင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားရသည့်ယှဉ်ပြိုင်မှုဖြစ်သဖြင့် လူငယ်များနှင့် လွန်စွာနီးစပ်ပေသည်။ လူငယ်များ၏ ပင်ကိုစရိုက်ကိုက သူတို့စိတ်ဝင်စားသည့် အားကစားနည်း တစ်ခုခုကို စိတ်ဝင်စားနှစ်ခြိုက်စွာဖြင့် ကစားတတ်သည့် သဘောရှိသည်။ တစ်နည်းအားဖြင့် လူငယ်နှင့် အားကစားဒွန်တွဲနေသည်ဟုပင်ဆိုနိုင်သည်။ ယခင်က လူငယ်များသည် ရပ်ကွက်တွင်း အားကစားနည်းများဖြစ်သည့် သားရေကွင်းပစ်ခြင်း၊ ဂျင်ပေါက်ကစားခြင်း၊ ကျောက်ဒိုးရိုက်ကစားခြင်း၊ စွန်လွှတ်ခြင်း၊ ထုပ်ဆီးတိုးခြင်း စသဖြင့်ကစားခဲ့ကြသော်လည်း ယနေ့ခေတ်ကာလတွင် ဤသို့ကစားသည်ကို မတွေ့ကြရတော့ပေ။ သို့သော်လည်း ကျောင်းအားကစားကွင်းများတွင် ပြေးခြင်း၊ ဘောလုံးကစားခြင်းနှင့် ရပ်ကွက်တွင်းများတွင် ပိုက်ကျော်ခြင်းကစားခြင်း၊ ဘော်လီဘောကစားခြင်း စသည်တို့ကိုတွေ့နေရသေးသည်။ ဤသည်မှာ လူငယ်များ၏ ပင်ကိုစရိုက်အရ အားကစားကို လေ့လာလိုက်စားလိုသည့်စိတ်ကြောင့်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေ လူငယ်များအနေဖြင့် ရေရေရာရာမရှိ တွေဝေငေးမောနေမည့်အစား စာကျက်ချိန်စာကျက်၊ ကျောင်းတက်ချိန် ကျောင်းတက်ပြီး အားလပ်ချိန်တွင် အားကစားနည်း တစ်ခုခုကိုလေ့လာလိုက်စားသင့်သည်ဟုဆိုချင်ပါသည်။ ထို့ပြင် အားလပ်ချိန်တွင် လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ ဂိမ်းဆိုင်ထိုင်၍ အချိန်ဖြုန်းမည့်အစား မိမိအတွက်အကျိုးပြုမည့် အားကစားနည်းတစ်ခုခုကို လေ့လာလိုက်စားသင့်သည်ဟု ထပ်မံ၍ဆိုချင်ပါသည်။

လူငယ်ဟူသည် အတုခိုးလွယ်သည်၊ အရာရာကို စူးစမ်းတတ်သည်၊ အားစမ်းလိုသည်၊ တီထွင်ကြံဆလိုသည်၊ မိမိလုပ်နိုင်ကြောင်းပြသလိုကြသည်။ ထို့ကြောင့် လူငယ်များ လမ်းကြောင်းမှန်ပေါ်တည့်မတ်ပေးနိုင်လျှင် အကျိုးရှိပြီး လွှတ်ထားပါက အတုခိုးမှားပြီး ပျက်စီးနိုင်သည်။ လူငယ်များအတွက် အကောင်းဆုံးလမ်းကြောင်းမှာ ၎င်းတို့စိတ်ဝင်စားသည့် နှစ်သက်ရာအားကစားနည်းတစ်ခုခုကိုလေ့ကျင့်သင်ကြားပေးရန်ပင်ဖြစ်သည်။ လူငယ်များ အားကစားလေ့လာလိုက်စားခြင်းဖြင့် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပါမြင့်မားလာနိုင်သည်။ ထို့ပြင် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး မိမိကိုယ်မိမိ ယုံကြည်စိတ်လည်း တိုးပွားလာနိုင်သည်။ အားကစားထူးချွန်သူတိုင်း ဉာဏ်ကောင်းလေ့ရှိပြီး ဉာဏ်ကောင်းသူများ အားကစားပြုလုပ်လျှင် ထူးချွန်လေ့ရှိသည်ကိုလည်း သတိပြုမိသည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ သားသမီးများကို ကျောင်းစာထဲတွင်ပင်အချိန်ပြည့်နစ်မွန်းမနေစေသင့်ဘဲ အားလပ်ချိန်များတွင် အားကစားတစ်ခုခုကိုပါ လေ့ကျင့်ကစားစေသင့်သည်။ လူငယ်များ အားကစားလေ့ကျင့်လိုက်စားရန်အတွက် အားကစားကွင်း၊ အားကစားရုံ၊ အားကစားပစ္စည်းနှင့်အားကစားနည်းအလိုက်နည်းပြများ အလုံအလောက်ရှိဖို့ကိုတော့ နိုင်ငံတော်အစိုးရအနေဖြင့် စိတ်ဝင်တစားဖြင့် ဆောင်ရွက်ပေးသင့်သည်ဟုယူဆပါသည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော လူမျိုး၊ ဉာဏ်ရည်ထက်မြက်သော လူမျိုးများပေါ်ပေါက်လာပြီး နိုင်ငံတော်အကျိုးကို အပြည့်အဝထမ်းရွက်နိုင်ကြမည်ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ တာဝန်ရှိသူများအနေဖြင့် လူငယ်များလမ်းကြောင်းမှန်ပေါ်ရောက်အောင် စနစ်တကျပြုစုပျိုးထောင်ပေးသင့်သလို ဖြည့်ဆည်းပေးရန်ရှိသည်များကိုလည်း ဖြည့်ဆည်းပေးခြင်းဖြင့် လူငယ်များကို အားကစားဖြင့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပုံဖော်ပေးသင့်ပါသည်။

ယနေ့ခေတ် အခြေအနေမှန်ကို လေ့လာသုံးသပ်ကြည့်ရာတွင် လူငယ်များအနေဖြင့် အားကစားလေ့လာလိုက်စားမှု အထူးပင်အားနည်းလာသည်ကို တွေ့ရသည်။ အဓိကအကြောင်းရင်းမှာ မိဘဆရာနှင့် အုပ်ထိန်းသူများ၏ ဦးဆောင်လမ်းပြမှု၊ စီမံဖန်တီးပေးမှု အားနည်းလာခြင်းကြောင့်ဖြစ်သည်ဟုဆိုနိုင်ပါသည်။ မိဘများအနေဖြင့် မိမိတို့၏သားသမီးများကို ကျောင်းနှင့်ကျူရှင် ကျူရှင်နှင့်ကျောင်းတွင်သာ အချိန်ကုန်စေပြီး လူငယ်များ၏အဖိုးတန်လှသည့် အားလပ်ချိန်များကို အားကစားကွင်း၊ အားကစားရုံများသို့ မပို့လွှတ်နိုင်ခြင်းပင်ဖြစ်သည်။ သားသမီးများဘဝ ရှေ့ရေးအတွက် ပညာရေးကိုဦးစားပေးသည်ဆိုသော်လည်း အားကစားကိုတော့ မပစ်ပယ်သင့်ပေ။ လူငယ်များ အားကစားလေ့လာလိုက်စားလျှင် ချွေးထွက်မည်၊ ခံနိုင်ရည်သက်လုံကောင်းမည်၊ ကိုယ်ခန္ဓာကြံ့ခိုင်မည့်အပြင် ဉာဏ်ရည်ကိုပါ ထက်မြက်စေနိုင်သည်ကို မမေ့သင့်ပေ။ အားကစားလေ့ကျင့်ခန်းပြုလုပ်ပြီးနောက် ရေမိုးချိုးလိုက်သည့်အခါ တစ်ကိုယ်လုံးပေါ့ပါးသွက်လက်ပြီး ကျန်းမာရွှင်လန်းမှုအရသာကို အမှန်ပင်ရရှိနိုင်ပေသည်။ ထိုအခါ ပညာရေးအတွက် မှတ်ဉာဏ်ကောင်းခြင်း၊ ပုစ္ဆာများကိုအလွယ်တကူဖြေရှင်းနိုင်ခြင်း၊ ထိုးထွင်းဉာဏ်များတိုးပွားလာခြင်းစသည့် အကျိုးကျေးဇူးများဖြစ်ပေါ်စေနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ လူငယ်များအားကစားလေ့လာ လိုက်စားမှုအားနည်းလာရခြင်းကို တချို့က စားဝတ်နေရေးမဖူလုံဘဲ ရုန်းကန်လှုပ်ရှားနေရသဖြင့် အားကစားဘက်မလှည့်နိုင်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ဤအဆိုသည် ဆင်ခြေပေးခြင်းသာဖြစ်၍ လက်မခံသင့်ပေ။ လူငယ်များအားကစားကို အမှန်ပင်လေ့လာလိုက်စားလိုပါက အချိန်နှင့်ငွေအထူးစိုက်ထုတ်ရန်မလိုဘဲ ပြုလုပ်နိုင်ကြသည်သာဖြစ်သည်။ အဓိကမှာ မိမိတို့၏ အောင်မြင်လိုစိတ်နှင့် မဖြစ်ဖြစ်အောင် လုပ်ကိုင်လိုစိတ်ပင်ဖြစ်သည်။

လူငယ်များအနေဖြင့် လုပ်ငန်းတစ်ခုကိုလုပ်တော့မည်ဆိုပါက အပြုဘက်ကိုအမြဲတွေးဖို့ လိုသည်။ အကောင်းဘက်ကိုအမြဲမျှော်လင့်ဖို့လိုသည်။ အောင်ရမည်ဟူသော ယုံကြည်ချက်အမြဲထားရှိဖို့လိုပေသည်။ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ ဂိမ်းဆိုင်များတွင်ထိုင်၍ အချိန်ဖြုန်းနေမည့်အစား မိမိအတွက်အကျိုးရှိစေမည့် အားကစားတစ်ခုခုကို လေ့လာလိုက်စားရန်ဆုံးဖြတ်ပြီး စတင်ဖို့သာဖြစ်သည်။ အောင်မြင်လိုလျှင် အကြောင်းအမျိုးမျိုးပြ၍ ဆင်ခြေကန်ခြင်းနှင့် ရှောင်လွှဲခြင်းမျိုးကို မည်သည့်အခါမျှမပြုသင့်ပေ။ ထို့ပြင် အောင်မြင်ရမည်ဟူသော မိမိ၏အဓိဋ္ဌာန်သည် အခြားမည်သည့်အရာထက်မဆို ပို၍အရေးကြီးကြောင်းကိုလည်း မမေ့သင့်ပေ။ 'ပြိုင်မြင်းကောင်းတို့ မည်သည် မိမိနှင့်အတူပြေးနေကြသည့် အခြားပြိုင်မြင်းများကို မည်သည့်အခါမျှလှည့်မကြည့်ဘဲ မိမိဘာသာအမြန်ဆုံးပြေးနိုင်ရေးကိုသာ အာရုံစိုက်စမြဲဖြစ်သည်' ဆိုသောစကားအတိုင်း မိမိတို့ တိုးတက်အောင်မြင်ရေးအတွက် မိမိဘာသာကြိုးစားရမည်သာဖြစ်သည်။ အချိန်အားနေ၍ အပေါင်းအသင်းဆိုးနှင့်တွေ့ပြီး မူးယစ်ဆေးဝါးဘက် ကူးသွားပါက ဘဝတစ်ခုလုံး ပျက်စီးသွားနိုင်သည်ကိုလည်း သတိမူသင့်သည်။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးတို့သည် လူငယ်များအတွက် 'ဘေး' များဖြစ်ပြီး အားကစားသည် လူငယ်များ၏ ဘဝတစ်လျှောက်လုံး သက်ရှည်ကျန်းမာစေမည့် 'ဆေး' ဖြစ်သည်ကိုလည်း ရှင်းလင်းစွာနားလည်သင့်သည်။ အားကစားလေ့လာလိုက်စားခြင်းဖြင့် ထူးချွန်သူများရှိသလို မထူးချွန်ဘဲ သာမန်လူများလည်းရှိပေသည်။ သို့သော် အားကစားလိုက်စားသူ လူငယ်အားလုံးကတော့ ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားလျက် နိုင်ငံတော်ကို ကျရာနေရာမှ ကာကွယ်စောင့်ရှောက်သူများဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။

လူငယ်အများအပြားမှာ အခြေခံပညာကျောင်းများ၊ အထက်တန်းအဆင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ပညာသင်ကြားနေကြသည်ဖြစ်ရာ လူငယ်များ အားကစားလိုက်စားရေးအတွက် အဆိုပါ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် အားကစားကို တစ်စုံတစ်ခုသောအတိုင်းအတာအထိ ထိတွေ့သင်ကြားပေးသင့်ပေသည်။ ကျောင်းများတွင် အားကစားကွင်း၊ အားကစားရုံများ ပြည့်စုံအောင် စီမံချက်ချ၍ ဆောင်ရွက်ပြီး အရည်အချင်းပြည့်ဝသည့် အားကစားနည်းပြဆရာများကို ခန့်ထားပေးခြင်းဖြင့် လူငယ်များအားကစားကို စိတ်ဝင်စားလာအောင် ဆောင်ရွက်နိုင်သည်။ အားကစားထူးချွန်သည့် ကျောင်းသူ၊ ကျောင်းသားများ ပေါ်ထွက်လာပါက အခြေခံအဆင့်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများသို့ လည်းကောင်း၊ တက္ကသိုလ်အဆင့်တွင် အားကစားတက္ကသိုလ်သို့လည်းကောင်း ပို့လွှတ်၍ ဆက်လက်လေ့ကျင့်စေသင့်သည်။ ဤနေရာတွင် အိမ်နီးချင်းထိုင်းနိုင်ငံ၏ အစဉ်အလာကောင်းတစ်ခုကို လေ့လာမိသမျှ မီးမောင်းထိုးပြလိုပါသည်။ ထိုင်းနိုင်ငံတွင် အခြေခံပညာကျောင်းအားလုံးတွင် သင့်တော်သည့်အားကစားကွင်း၊ အားကစားရုံများ စီမံထားရှိပေးထားပြီး ညနေကျောင်းလွှတ်ချိန်တွင် ကျောင်းသားအားလုံး အားကစားအချိန်အဖြစ် သွားရောက်ကစားစေပါသည်။ နည်းပြများလည်း ပြည့်ပြည့်စုံစုံခန့်ထားပေးပြီး ဝါသနာပါရာ အားကစားနည်းများကို စနစ်တကျသင်ကြားပေးပါသည်။ တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် တက္ကသိုလ်ကျောင်းအသီးသီး၌ အားကစားကွင်း၊ အားကစားရုံများကို နိုင်ငံတကာအဆင့်မီသည်အထိ ပြည့်စုံစွာဆောက်လုပ်ပေးထားပြီး တက္ကသိုလ်အလိုက်အထူးပြုအားကစားနည်းများကို တာဝန်ယူလေ့ကျင့်ပေးသည်ကိုတွေ့ရသည်။ နိုင်ငံတကာပြိုင်ပွဲများ ကျင်းပသည့်အခါတွင်လည်း နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန် စသည်များကို သီးခြားဆောက်လုပ်ရန်မလိုတော့ဘဲ ယင်းတက္ကသိုလ် အားကစားကွင်းများ၊ အားကစားရုံများတွင်သာ ကျင်းပသည်ကိုလည်းတွေ့ရှိရသည်။ ဖွင့်ပွဲပိတ်ပွဲကဲ့သို့ အခမ်းအနားကြီးမျိုးကိုသာ နိုင်ငံတော်ပိုင် ဗဟိုအားကစားကွင်းကြီးတွင်ပြုလုပ်ပြီး ကျန်အားကစားနည်းအလိုက်ပြိုင်ပွဲများကို တက္ကသိုလ် ကွင်း၊ ရုံများတွင်သာ ပြုလုပ်လေ့ရှိသည်။

ဤသို့ဖြင့် ကျောင်းသားလူငယ်များကို အခြားလမ်းလွဲသို့မရောက်စေဘဲ အားကစားဖြင့် ထိန်းကျောင်းပေးထားသည့် အစဉ်အလာကိုလည်း သတိပြုမိခဲ့ပါသည်။ အားကစားနှင့် ပညာရေးကို ဟန်ချက်ညီအောင် စွမ်းဆောင်ပေးထားသည်ဟုလည်း ဆိုနိုင်ပါသည်။

လူငယ်များ အားကစားကိုလေ့လာလိုက်စားလျှင် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။

(၁) ပထမဆုံးရရှိနိုင်သည်မှာ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းကြံ့ခိုင်စေခြင်းပင်ဖြစ်သည်။
(၂) ဒုတိယအချက်မှာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေခြင်းပင်ဖြစ်သည်။
(၃) တတိယအချက်မှာ စိတ်ရွှင်လန်းတက်ကြွစေခြင်းပင်ဖြစ်သည်။
(၄) စတုတ္ထအချက်မှာ မိတ်ဆွေအပေါင်းအသင်းကောင်းများရရှိစေခြင်းပင်ဖြစ်သည်။ အားကစားမှာ များသောအားဖြင့် အဖွဲ့နှင့်ကစားရသဖြင့် ကစားဖော်ကစားဖက်များ ရရှိလာမည်မှာ ဓမ္မတာပင်ဖြစ်သည်။
(၅) ပဉ္စမအချက်မှာ အားကစားသမားစိတ်ဓာတ် (Sportsman spirit)မှ တစ်ဆင့် လူကြီးလူကောင်း (Gentleman) ဖြစ်စေနိုင်ခြင်းပင်ဖြစ်သည်။
(၆) ဆဋ္ဌမအချက်မှာ အခက်အခဲပြဿနာကို ရင်ဆိုင်ရဲစေခြင်းဖြစ်သည်။ အားကစား ယှဉ်ပြိုင်ရာတွင် အခက်အခဲများရှိတတ်ပေရာ ယင်းတို့ကို ကျော်လွှားခြင်းဖြင့် အခက်အခဲကို ရင်ဆိုင်ရဲသည့်သတ္တိကိုဖြစ်ပေါ်စေနိုင်သည်။
(၇) သတ္တမအချက်မှာ ထိုးထွင်းဉာဏ်ဖြင့် အရာရာကို ကျော်လွှားနိုင်ခြင်းပင်ဖြစ်သည်။

အားကစားသည် ရေတိုလုပ်ငန်းအဖြစ်တိုးတက်အောင်လုပ်၍ ရကောင်းသည် မဟုတ်ပေ။ ရေရှည်အချိန်ယူ၍ စီမံချက်ချမှတ်ပြီး စနစ်တကျဆောင်ရွက်မှသာ တိုးတက်နိုင်သည့် လုပ်ငန်းမျိုးဖြစ်သည်။ ပထမဦးဆုံးဆောင်ရွက်သင့်သည်မှာ လူငယ်များ အားကစားတွင်စိတ်ဝင်စားလာအောင် ပြုလုပ်ပေးဖို့ပင်ဖြစ်သည်။ ယင်းအတွက် မြို့နယ်များနှင့် ရပ်ကွက်ကျေးရွာအဆင့်ထိ အားကစား လှုပ်ရှားမှုများကို ရာသီအလိုက်ပြုလုပ်ပေးသင့်ပါသည်။ အားကစားကွင်း၊ ရုံများကို ထိုက်သင့်သလို ဆောက်လုပ်ပေးရပါမည်။

ထို့ပြင် အားကစားနှင့်ပညာရေးပေါင်းစပ်၍ အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့်ကျောင်းများတွင် အားကစားလေ့လာလိုက်စားမှုအလေ့အကျင့်များရှိလာအောင် အားကစားကွင်း၊ ရုံများဆောက်လုပ်ပေးခြင်း၊ အရည်အချင်းမီနည်းပြများခန့်အပ်ပေးခြင်းတို့ ပြုလုပ်၍ လေ့ကျင့်သင်ကြားပေးသင့်ပါသည်။ လူငယ်များ စိတ်ဝင်စားနှစ်ခြိုက်သည်မှာ အားကစားပင်ဖြစ်ရာ အားကစားကိုအသုံးပြု၍ လူငယ်များလမ်းကြောင်းမှန်ပေါ်ရောက်အောင် တင်ပေးရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လူငယ်များကို ထိန်းကျောင်းရာတွင် ၎င်းတို့နှစ်ခြိုက် သည့်အားကစားဖြင့် ထိန်းကျောင်းခြင်းမှာ အကောင်းဆုံးပင်ဖြစ်သည်ဟုဆိုချင်ပါသည်။

ထို့ကြောင့် အားကစားဟာ သာမန်ပါပဲ၊ သိပ်အရေးမကြီးပါဘူး။ လူငယ်တွေအတွက် သိပ်လုပ်ပေးစရာမလိုပါဘူး။ သူ့ဘာသာသူတိုးတက်လာလိမ့်မပေါ့ဟူ၍ ပေါ့ပေါ့မတွေးစေချင်ပါ။ လူငယ်နှင့် အားကစားသည် ဒွန်တွဲလျက်ရှိသဖြင့်၊ လူငယ်နှင့်အားကစားယှဉ်တွဲ၍ တိုးတက်ဖွံ့ဖြိုးလာအောင် ထဲထဲဝင်ဝင် ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်တစ်ရပ်ကို ထူထောင်သွားကြပါရန် စေတနာကောင်းဖြင့်တိုက်တွန်းလိုက်ရပါသည်။



# မြောက်အမေရိကားရဲ့ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ဆက်လက်ရပ်တည်နေတဲ့ Black Panther



လူမည်းဇာတ်ကောင်တစ်ဦးကို လူစွမ်းကောင်းအဖြစ် အဓိကဇာတ်ဆောင်နေရာမှာ ထားရှိပုံဖော်ထားတဲ့ မာဘယ်လ် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ရုပ်ရှင် "Black Panther"ဟာ ပြီးခဲ့တဲ့လအတွင်းက စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ စတင်ရုံတင်ခဲ့သည်မှာ သီတင်းပတ် ငါးပတ်ရှိပြီဖြစ်ပေမယ့် မြောက်အမေရိကားရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင် ဆယ်ကားစာရင်းကို ဦးဆောင်ထားနိုင်ဆဲဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အပြိုင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေထဲမှာ အဖွင့်သီတင်းပတ်အဖြစ် စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေနဲ့ တွေ့ကြုံခဲ့ရပေမယ့် ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် "Black Panther"ကသာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ငါးပတ်မြောက် သီတင်းပတ်အကုန်မှာလည်း တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဖြစ်ခဲ့တာပါ။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင် "Tomb Raider"ရဲ့ တစ်ပတ်အတွင်းဝင်ငွေကို ကျော်လွန်ကာ နံပါတ်တစ်နေရာကို ရယူထားခဲ့တာ ဖြစ်ပါတယ်။ ဒီလို သီတင်းပတ် ငါးပတ်ဆက်တိုက် ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာဟာ ရုပ်ရှင်သမိုင်းတစ်လျှောက်မှာတော့ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ "Avatar"နဲ့ "Black Panther" တို့သာ ရှိခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း "Black Panther"ရရှိခဲ့တဲ့ ခန့်မှန်းဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၂၇ သန်း ဖြစ်ပါတယ်။

စတုတ္ထမြောက် သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့ရာမှာတော့ "Black Panther"ဟာ တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄ သန်းရရှိခဲ့ကာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တာကို တွေ့ရပါတယ်။ စတင်ရုံတင်ခဲ့သည်မှာ ပြီးခဲ့တဲ့ သီတင်းပတ်အထိ ယင်းရုပ်ရှင်ရဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၄ သန်း ရရှိခဲ့ပါပြီ။ မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်လိုက်တဲ့ ပထမဆုံးသော လူစွမ်းကောင်းရုပ်ရှင်ဖြစ်ပြီး လူမည်းဇာတ်ကောင်ကို အဓိကဇာတ်လိုက် လူစွမ်းကောင်းအဖြစ် ရိုက်ကူးပုံဖော်ထားတဲ့ ယင်းရုပ်ရှင်ဟာ တရုတ်နိုင်ငံမှာ ရုံတင်ခဲ့ရာမှာလည်း ပွဲဦးထွက်ကောင်းမွန်ခဲ့ပြီး စတုတ္ထမြောက် ရုံတင်သီတင်းပတ်အတွင်းမှာပင် ကမ္ဘာတစ်ဝန်းမှရရှိခဲ့တဲ့ ဝင်ငွေဟာ တစ်ဘီလီယံကျော်ခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလိုဝင်ငွေကောင်းမွန်ခဲ့တာကြောင့် အဆိုပါရုပ်ရှင်ဟာ မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် စံချိန်တင်ထားတဲ့ "The Avengers"ရဲ့ ဝင်ငွေကို လိုက်မှီဖို့ နီးကပ်လာခဲ့ပြီဖြစ်ပါတယ်။ "The Avengers" ကတော့ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၂၃ သန်းနဲ့ စံချိန်တင်ထားတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင် "Tomb Raider" ကတော့ "Black Panther"ရဲ့ဝင်ငွေကို မကျော်လွန်နိုင်ခဲ့ဘဲ အဖွင့်သီတင်းပတ်မှာ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးနဲ့သာ ကျေနပ်ခဲ့ရတာပါ။ ရုပ်ရှင်ရုံပေါင်း ၃၈၅၄ ရုံမှာ ရုံတင်ခဲ့တဲ့ "Tomb Raider"ဟာ စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းသာ ရရှိခဲ့ပြီး နိုင်ငံတကာမှ ရရှိခဲ့တဲ့ ခန့်မှန်းဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၅ သန်းခန့် ရှိခဲ့တာဖြစ်ပါတယ်။

တတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "I Can Only Imagine" ဖြစ်ပါတယ်။

နာမည်ကျော်များစွာပါဝင်ထားပြီး နာမည်ကျော် ဒါရိုက်တာတစ်ဦးက ရိုက်ကူးခဲ့တဲ့ ဒစ်စနေရဲ့ ရုပ်ရှင် "A Wrinkle in Time"ကတော့ ဒုတိယမြောက် ရုံတင်သီတင်းပတ်ဖြစ်တဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆ သန်း ရရှိခဲ့ပြီး စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ယင်းရုပ်ရှင်ဟာ အမျိုးသမီးဒါရိုက်တာတစ်ဦး ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တွေအနက် ဒုတိယမြောက် အကုန်အကျအများဆုံးရုပ်ရှင်ဖြစ်ခဲ့ပေမယ့် စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃ သန်းသာ ရရှိခဲ့ပြီး ရိုက်ကူးရေးကုန်ကျစရိတ် စုစုပေါင်းကတော့ အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့် ရှိခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာတော့ ဟောလိဝုဒ်ရဲ့ အထင်ကရကြယ်ပွင့်တွေဖြစ်ကြတဲ့ အော်ပရာဝင်းဖရေးလို ဝါရင့်သရုပ်ဆောင်တွေ ပါဝင်သလို ရီးဝစ်သားစပွန်း၊ မစ်ဒီကာလင်းတို့လို နာမည်ကျော်တွေလည်း ပါဝင်ထားတာ ဖြစ်ပါတယ်။ သီတင်းပတ် နှစ်ပတ်မြောက်မှာတော့ ယင်းရုပ်ရှင်ရဲ့ ဒေသတွင်းမှ ရရှိခဲ့တဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၉ သန်းခန့်သာ ရှိသေးတာ ဖြစ်ပါတယ်။

# စုံစမ်းစစ်ဆေးခံနေရတဲ့ T. O. P

တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသားပေ့ါပ်တေးဂီတအဖွဲ့ဖြစ်တဲ့ "BIG BANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T. O. P ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်ခဲ့တာနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးခြင်း ခံနေရတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အဖွဲ့ဝင် ငါးဦးရှိတဲ့အနက် လက်ရှိမှာ လေးဦးစစ်မှုထမ်းဆောင်နေတဲ့ "BIG BANG"ဟာ ပြီးခဲ့တဲ့ မတ် ၁၃ ရက်မှာတော့ အဖွဲ့ဝင်တွေ အားလုံးပါဝင်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Flower Road"ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုတေးသီချင်းသစ် ထုတ်လွှင့်ခဲ့တာကြောင့် လက်ရှိမှာ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ဆောင်ရင်း စစ်မှုထမ်းဆောင်နေတဲ့ T. O. P အနေနဲ့ စည်းမျဉ်း စည်းကမ်းအချို့ကို ချိုးဖောက်ခဲ့တယ်လို့ စွပ်စွဲခံထားရကာ လက်ရှိမှာတော့ စုံစမ်းစစ်ဆေးခံနေရတာဖြစ်ပါတယ်။

"Flower Road" တေးသီချင်းကိုတော့ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်တွေအတွင်း ဖန်တီးခဲ့တာဖြစ်ပြီး အဖွဲ့ဝင်တွေ စစ်မှုထမ်းဆောင်နေချိန်မှာမှ ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ဆောင်ရင်း စစ်မှုထမ်းဆောင်နေသူအတွက် တာဝန်ထမ်းဆောင်နေစဉ် အခြားသောအလုပ်တွေကို လုပ်ဆောင်ဖို့ ခွင့်မပြုတာကြောင့် T. O. P အနေနဲ့ တာဝန်ထမ်းဆောင်စဉ် တေးသီချင်းသစ် ထုတ်လွှင့်တာနဲ့ပတ်သက်ပြီး စစ်ဆေး ခံနေရတာ ဖြစ်ပါတယ်။ ပေ့ါပ်ကြယ်ပွင့်ကို စစ်ဆေးနေတဲ့ နွန်းနန်းခရိုင်ရုံးကတော့ စစ်မှုထမ်းဆောင်နေစဉ် တေးသီချင်းထုတ်လွှင့်မှုကို ခွင့်ပြုခြင်းရှိ၊ မရှိ အတည်ပြုချက်တောင်းခံထားကြောင်း ဖြေကြားခဲ့ပြီး T. O. P ဘက်ကတော့ တေးသီချင်းသစ်အတွက် စာချုပ်ချုပ်ဆိုဖန်တီးခဲ့တာဟာ စစ်မှုမထမ်းမီက ဖြစ်ကြောင်း၊ စာချုပ်ချုပ်ခဲ့စဉ်က ယင်းတေးသီချင်းကို စစ်မှုထမ်းဆောင်နေစဉ် ထုတ်လွှင့်သွားမှာ ဖြစ်တာကိုလည်း သိရှိခြင်း မရှိကြောင်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။



# အမျိုးသားပရိသတ်များက အိုင်းရင်းရဲ့ဓာတ်ပုံများကို မီးရှို့ခဲ့ကြ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လက်ရှိမှာတော့ သရုပ်ဆောင်နယ်ပယ်ဘက်ကို စတင်ခြေချလာတဲ့ အိုင်းရင်းရဲ့ ဓာတ်ပုံတွေကို အမျိုးသားပရိသတ်တွေက မီးရှို့ခဲ့ကြပြီး ဒီလိုဖျက်ဆီးခဲ့တဲ့ ပုံရိပ်တွေကိုတော့ အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်းရင်းဟာ လက်ရှိမှာတော့ လူမှုကွန်ရက်မီဒီယာအစပြုတဲ့ အွန်လိုင်းမီဒီယာတွေပေါ်မှာ အမုန်းခံနေရတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ခဲ့ရပါတယ်။ အိုင်းရင်းကိုတော့ အချို့သောအမျိုးသားပရိသတ်တွေက မနှစ်မြို့ကြတာဖြစ်ပါတယ်။ အကြောင်းကတော့ အိုင်းရင်းက ပြီးခဲ့တဲ့ မတ် ၁၈ ရက်မှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ အမျိုးသမီးဝါဒကို ဖော်ပြရေးသားထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်နေကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာကြောင့် ဖြစ်ပါတယ်။

စာရေးဆရာမ ကမ်ဂျီယောင်း ရေးသားတဲ့ "Born 1982"လို့အမည်ရတဲ့ အမျိုးသမီးဝါဒစာအုပ်ကို ဖတ်ခဲ့တဲ့ အိုင်းရင်းကို အချို့သော အမျိုးသားပရိသတ်တွေက အမျိုးသမီးဝါဒီတစ်ဦးဖြစ်တာကြောင့် မုန်းတီးခဲ့ကြပြီး အိုင်းရင်းရဲ့ ဓာတ်ပုံတွေကို မီးရှို့ဖျက်ဆီးခဲ့ကြတာဖြစ်ပါတယ်။ ပေ့ါပ်ကြယ်ပွင့်ရဲ့ဓာတ်ပုံတွေကို မီးရှို့ထားတဲ့ ပုံရိပ်တွေကိုတော့ အမျိုးသားအများစုအသုံးပြုတဲ့ အွန်လိုင်းမီဒီယာတွေပေါ်မှာ ထုတ်ဖော်ပြသခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုဖြစ်ပျက်ခဲ့ပြီးတဲ့နောက်မှာတော့ အချို့သော အမျိုးသမီးပရိသတ်တွေက အိုင်းရင်းဘက်ကနေ ကာကွယ်ပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အချို့က အိုင်းရင်းအနေနဲ့ ထိုကဲ့သို့သော အမျိုးသားပရိသတ်တွေကို မလိုအပ်ကြောင်း၊ သူတို့တွေဟာ အိုင်းရင်းရဲ့ ရုပ်ရည်ချောမောလှပမှုကြောင့်သာ အားပေးခဲ့ကြတာဖြစ်ကြောင်းနဲ့ အိုင်းရင်းမှာ ချစ်ခင်အားပေးနေတဲ့ အမျိုးသမီးပရိသတ်များစွာရှိကြောင်းလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ပြန်လည်ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

အေးပြည့် - ရေးသားသည်

# မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် သံချပ်ပြိုင်ပွဲထည့်သွင်းကျင်းပမည်



**မန္တလေး မတ် ၁၉**
ယခုနှစ်မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်၌ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ယခင်နှစ်ကဲ့သို့ သံချပ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသံချပ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လူအင်အားနှင့် သံချပ်စာသားများကို ကြိုတင်စိစစ်ခွင့်ပြုပေးနိုင်ရန် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနသို့ ဧပြီ ၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

"သင်္ကြန်သံချပ်ပြိုင်ပွဲဝင်မယ့်အဖွဲ့တွေအတွက် လိုက်နာရမယ့် စည်းကမ်းချက်တွေကိုလည်း ထုတ်ပြန်ထားပါတယ်။ သံချပ်စာသားစိစစ်တာတို့၊ မှတ်ပုံတင်တာတို့၊ ခွင့်ပြုတာတို့တွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သံချပ်တစ်ဖွဲ့ရဲ့ ပြိုင်ပွဲဝင်ချိန်ကိုမိနစ် ၃၀ သတ်မှတ်ထားပါတယ်။ ဆုတွေကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

သံချပ်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၅သိန်း၊ ဒုတိယဆု ၁၂ သိန်း၊ တတိယ ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ငါးသိန်းနှုန်းဖြင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများကို သင်္ကြန်ကာလအတွင်း အကြိုနေ့၊ အကျနေ့နှင့် အကြတ်နေ့များတွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ညနေ ၃ နာရီမှ ၆ နာရီအတွင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်သံချပ်အဖွဲ့များ လိုက်နာရမည့်စည်းကမ်းချက်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာကို ထိပါးစေနိုင်သည့် တစ်ဖက်သတ်စွပ်စွဲပုတ်ခတ်ရေးသားသီဆိုမှုများမပါရှိရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည့် ရေးသားသီဆိုမှုများ မပါရှိရန်၊ မည်သည့်ဘာသာ၊ သာသနာကိုမျှ ထိပါးစော်ကားသည့် စာသားများမပါရှိရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် စာသား ဝတ်ဆင်မှု၊ သရုပ်ဖော်မှုများ မပါရှိရန်နှင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်(သို့မဟုတ်)အဖွဲ့အစည်းတစ်ရပ်ရပ်အပေါ် တစ်ဖက်သတ်စွပ်စွဲပုတ်ခတ် မှုများ မပါရှိရန်တို့ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



မြန်မာနိုင်ငံ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် မြန်မာနိုင်ငံ ခတ်ပုံအသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် တရုတ်နွေဦးပွဲတော် ခတ်ပုံပြိုင်ပွဲကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မတ် ၁၉ ရက်က ကျင်းပရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က ဒုတိယဆုရရှိသူအား ဆုချီးမြှင့်စဉ်။ **ခင်မောင်ဝင်း(ကြေးမုံ)**

# နွေရာသီကြက်ခြေနီလူငယ်လေ့ကျင့်ရေးစခန်းသွင်းသင်တန်းဖွင့်

**မြိတ် မတ် ၁၉**
လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများစနစ်တကျလုပ်ဆောင်တတ်စေရန် ရည်ရွယ်၍ မြိတ်မြို့နယ် ပညာရေးဌာနနှင့် မြိတ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ပူးပေါင်းဆောင်ရွက်သည့် (၅၁)ကြိမ်မြောက် နွေရာသီ ကြက်ခြေနီလူငယ်လေ့ကျင့်ရေးစခန်းသွင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြိတ်မြို့နယ်ပညာရေးမှူးဆရာကြီး ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြိတ်မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဆရာကြီးဦးလှမြင့်ကသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလအတွင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှား (Red Cross Movement )၊ ရှေးဦးပြုစုခြင်းဘာသာရပ်များ (စာတွေ့လက်တွေ့)၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းကိုထိန်းသိမ်းပုံ၊ အခြေခံအသက် အထောက်အကူပြုခြင်း၊ ဆေးထည့်ခြင်းနှင့်ပတ်တီးစည်းခြင်းများ(စာတွေ့လက်တွေ့)၊ ဦးခေါင်းဒဏ်ရာနှင့် ကျောရိုးမဒဏ်ရာပြုစုခြင်းနှင့် ထိန်းသိမ်းပုံ၊ စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း၊ လူနာအားချည်းကပ်ခြင်းနှင့် စနစ်တကျ မယူသယ်ဆောင်နည်းများ၊ ကူးစက်ရောဂါအမျိုးမျိုးအကြောင်း သိကောင်းစရာများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေပြုမူဆောင်ရွက်ခြင်းနှင့် လေ့လာရေးခရီးများ အပါအဝင်စသည့်ခေါင်းစဉ်များဖြင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်အတွင်းရှိ အထက၊ အလကကျောင်းများမှကျောင်းသား ကျောင်းသူများအပြင် တက္ကသိုလ်ကျောင်းသားကျောင်းသူများ စုစုပေါင်းသင်တန်းသားသင်တန်းသူ ၂၇၃ ဦးတို့အား သင်တန်းနည်းပြဆရာ ဆရာမ ၁၀ တို့က မတ် ၁၉ ရက်မှ ၂၈ ရက်အထိစာတွေ့လက်တွေ့ စခန်းသွင်းလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**ဖျာပုံ မတ် ၁၉**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမှတ်(၁၄) ရပ်ကွက်တွင် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အနေဖြင့် မီးဘေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို မတ် ၁၈ ရက် မွန်းလွဲ ၂နာရီက ဖျာပုံမြို့နယ် အမှတ်(၁၄) ရပ်ကွက် နွေဦးဝေဇည့်ရိပ်သာမင်္ဂလာခန်းမရှေ့၌ ပြုလုပ်သည်။

အဆိုပါ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် ဖျာပုံခရိုင်မီးသတ်ဦးဌာနနှင့် ဖျာပုံမြို့နယ် အမှတ်(၁၄) ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေးပြည်သူများအဖွဲ့တို့ပူးပေါင်းမှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်ဆောင်ရန်ရှောင်ရန်များ၊ ကာကွယ်ပုံနည်းလမ်းများအား သိရှိနားလည်စေရန် ရည်ရွယ်၍ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေကယခုကဲ့သို့ မီးငြိမ်းသတ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရခြင်းအားဖြင့် ရပ်ကွက်နေပြည်သူများအနေဖြင့် မီးဖိုဒယ်အိုးဆီမီးလောင်ငြိမ်းသတ်နည်း၊ ဂက်စ်အိုးဖြင့်မီးလောင်မှုကို ငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် အသုံးပြုနည်းငြိမ်းသတ်ပုံအဆင့်ဆင့်ကိုသိရှိနားလည်စေရန် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ် (၁၄) ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့တို့မှမီးသတ်ကားများ၊ ရပ်ကွက်ပိုင်ရေစုပ်စက်များ၊ မီးသတ်ပိုက်များဖြင့် မီးဘေးသရုပ်ပြတဲအိမ်တစ်လုံးအား နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ကြရာ ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမှတ် (၁၄) ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့များ၊ မြို့ပေါ်ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အမှတ် ၁၄/၁၆ရပ်ကွက်နေပြည်သူများတက်ရောက်ကြကြောင်းသိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**

# အစ္စရေးနိုင်ငံနှင့်ပူးပေါင်း၍ ရေသွင်းစိုက်ပျိုးခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်

**ပဲခူး မတ် ၁၉**
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် အစ္စရေးနိုင်ငံ MASHAV တို့ပူးပေါင်းဖွင့်လှစ်သော "Improving Irrigation Practices and Management in Salt Affected Soil" ခေါင်းစဉ်ဖြင့်ဖွင့်လှစ်သည့် ရေသွင်းစိုက်ပျိုးခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပခဲ့သည်။



ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး MASHAV မှ Dr. Mollie Sacks က သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို အစ္စရေးနိုင်ငံမှ ရေသွင်းစိုက်ပျိုးရေးပညာရှင်များဖြစ်သော Dr. Mollie Sacks နှင့် Ms. Shelly Rachel Ganz တို့က မတ် ၁၉ မှ မတ် ၂၃ ရက်အထိ ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သင်တန်းသား ၃၀ တက်ရောက်သင်ကြားလျက်ရှိကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေးအသိပညာပေး

**မယ်စဲ့ မတ် ၁၉**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ပြည်သူများစိတ်အေးချမ်းမြေ့စွာရေကစားနိုင်စေရန်နှင့်မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောခြင်းကို မတ် ၁၉ ရက် နံနက် ၉ နာရီက ဟိုစဲ့ကျေးရွာစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးမြင့်ဌေးက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စောဝတ်ရည်က ပြည်သူများအကြား စာဖတ်သည့်အလေ့အထဖြစ်ထွန်းလာစေရေး စာကြည့်တိုက်ကိုအသုံးပြုသင့်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အချိန်အခါမရွေး ဆက်သွယ်သွားလာမှု အဆင်ပြေစေရေး ကွန်ကရစ်တံတားသစ်ဖွင့်

**ဝါးခယ်မ မတ် ၁၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မိုးမခအုတ်ကျင်းကျေးရွာအုပ်စု ကျွဲလမ်းကြီးကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အချိန်အခါမရွေး ဆက်သွယ်သွားလာမှု အဆင်ပြေစေရေးအတွက် စိမ်းလန်းမြေ ကွန်ကရစ်တံတားသစ်ကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိမ်းလန်းမြေကွန်ကရစ်တံတားကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ဝါးခယ်မမြို့နယ် ပြည်သူ့လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀၊ ဒေသခံပြည်သူများမှ ထည့်ဝင်ငွေ ကျပ် ၁၀၅ သိန်းဖြင့် အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေရှိပြီး သံကူကွန်ကရစ်တိုင်၊ သံပေါင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါ်ဖြိုးပပ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ကျေးရွာမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါ တံတားသစ် ဆောက်လုပ်ပြီးစီးမှုကြောင့် မိုးမခကျေးရွာ၊ ကျွဲလမ်းကြီးကျေးရွာ တံခွန်တိုင်ကျေးရွာ၊ အူကျွန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ကျုံကပြင်ကျေးရွာတို့မှ ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ စီးပွားရေးသာမက အခြားသော အကြောင်းအမျိုးမျိုးကို အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် အများပြည်သူနှင့် သက်ဆိုင်သည့် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# အစိုးရနှင့် ဝန်ထမ်း

**သိုက်စိုးထွန်း(နတ်ရွာ)**

အစိုးရနှင့် ဝန်ထမ်းကို တချို့က ခွဲပြီးမြင်တယ်၊ တချို့က တွဲပြီးမြင်တယ်။ လက်ရှိဝန်ထမ်း တချို့က အစိုးရရဲ့ ဦးဆောင်မှုနောက်ကို မလိုက်ဘဲနဲ့ အစိုးရကို ခရီးမတွင်အောင်၊ ခရီးမပေါက်အောင် ပေကတ်ကတ်လုပ်ပြီး ကန့်လန့်တိုက်နေကြတယ်လို့ ပြောနေဆိုနေကြတဲ့အသံတွေကိုလည်း ကြားနေရတယ်။ အစိုးရသွားချင်သလောက် ဝန်ထမ်းထုက လိုက်မလာဘူးလို့ ဝေဖန်သူတချို့ရှိနေတယ်။ ဘယ်လိုက်ပ့ါမလဲ၊ သူတို့က ဘယ်သူ့လက်အောက်မှာမှ နေချင်ကြတာ၊ ဘယ်သူတွေကိုမှ သစ္စာခံချင်ကြတာကိုး ဆိုတာမျိုးတွေကလည်း ပါလိုက်သေးတယ်။

တချို့က ယထာဘူတကျကျ နည်းမှန်လမ်းမှန်နဲ့ ဝေဖန်ထောက်ပြတာဖြစ်ပေမယ့် တချို့ကတော့လည်း ဝန်ထမ်းတွေရဲ့လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှကို မျက်မှန်စိမ်းတပ်ပြီး အပြစ်ရှာနေတဲ့ပုံစံမျိုးဖြစ်နေပြန်ရော။

တကယ်တမ်းကျတော့လည်း အစိုးရဆိုတာဘယ်သူတွေလဲ၊ ဝန်ထမ်းဆိုတာကကော ဘယ်သူတွေလဲ။ အစိုးရဆိုတာက ပြည်သူလူထုအများစုကြီးရဲ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်လိုက်ကြလို့ အစိုးရဆိုတဲ့နေရာကို ရောက်ရှိတာဝန်ထမ်းဆောင်ခွင့်ရကြတာဖြစ်သလို ဝန်ထမ်းဆိုတာကလည်း ဟောဒီပြည်သူလူထုကြီးထဲက ပြည်သူတွေပဲဖြစ်ပါတယ်။ အစိုးရပဲဖြစ်ဖြစ်၊ နိုင်ငံ့ဝန်ထမ်းပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကဝန်ထမ်းပဲဖြစ်ဖြစ်၊ တပ်မတော်သားပဲဖြစ်ဖြစ် အားလုံးဟာ ပြည်သူတွေထဲက ပြည်သူတွေပဲဖြစ်တယ်ဆိုတာကို သတိမူလိုက်ရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်။

အစိုးရနှင့် ဝန်ထမ်းကို ခွဲပြီးရှုမြင်မယ်ဆိုရင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကိုပါ ခွဲပြီး ရှုမြင်ရမှာပါ။ နိုင်ငံသားအားလုံးကို အစိုးရရယ်၊ ဝန်ထမ်းရယ်၊ ပြည်သူရယ်လို့ သုံးပိုင်းပိုင်းကြည့်မယ်ဆိုပါစို့။ အစိုးရဘက်က ပြည်သူကို နိုင်ငံရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုတွေပေးရပါတယ်။ ဝန်ထမ်းတွေကျတော့ သူ့အပေါ်က အစိုးရအတွက် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုတွေပေးကြရပြီးတော့ ပြည်သူလူထုအတွက် ဝန်ဆောင်မှုတွေပေးကြရပါတယ်။ နိုင်ငံရေးဆိုင်ရာတာဝန်ယူမှု၊ တာဝန်ခံမှုလုံလုံလောက်လောက်ပေးနိုင်မယ်လို့ ယုံကြည်တဲ့သူတွေကိုပဲ ပြည်သူလူထုက မဲဆန္ဒတွေပေးကြတာဖြစ်ပါတယ်။ ဒီသုံးပိုင်းရဲ့ ဆက်နွယ်မှုကတော့ ဒီလိုပဲဖြစ်ပါတယ်။

အစိုးရနှင့် ဝန်ထမ်းကိုပဲ ကြည့်မယ်ဆိုရင်တော့ အစိုးရက မူဝါဒရေးရာချမှတ်တဲ့သူတွေဖြစ်ပြီးတော့ ဝန်ထမ်းတွေကတော့ အစိုးရရဲ့မူဝါဒတွေကို တည်ဆဲဥပဒေ၊ နည်းဥပဒေတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရတာဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခံပုဂ္ဂိုလ်က ချမှတ်လိုက်တဲ့ မူဝါဒတစ်ခုအပေါ်မှာ ဒီမူကတော့ ဒီဥပဒေတွေနှင့် ကိုက်ညီနေတယ်၊ ဒီဟာကတော့ဖြင့် ဘယ်ဥပဒေလေးနဲ့ သွေဖည်နေတယ်ဆိုတာကို ဝန်ထမ်းပိုင်းက ရိုသေကျိုးနွံစွာ ပြန်လည်တင်ပြကြမယ်ဆိုရင်တော့ဖြင့် ဘာပြဿနာမှ ဖြစ်လာနိုင်မယ်လို့ မထင်ပါဘူး။

တချို့နေရာတွေမှာဖြစ်နေပါတယ်။ အစိုးရကလုပ်ငန်းတစ်ခုကိုလုပ်ချင်တယ်၊ ဝန်ထမ်းက ဒါကို လုပ်လို့မရနိုင်ဘူးလို့ပြောတယ်။ ဒီတော့ ပွတ်တိုက်မှုတွေဖြစ်ကုန်သလိုလိုပေ့ါ။ အမှန်တော့ ဒီလိုဖြစ်စရာ မကောင်းပါဘူး။ ဖြစ်စရာမလိုဘူး။ ဖြစ်ဖို့မသင့်ဘူး။ ဝန်ထမ်းဆိုတာက လက်ရှိရာထူး၊ တာဝန်လေးအလျောက် သူလုပ်ကိုင်ဆောင်ရွက်သမျှမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေတွေနှင့် ညီညွတ်အောင်ဆောင်ရွက်ကြရသူတွေ ဖြစ်လေတော့ ဒီလုပ်ငန်းတစ်ခုက ဘာ့ကြောင့်အကောင်အထည်ဖော်ဖို့ မသင့်တာပါဆိုတာကို နည်းလမ်းတကျ၊ အချက်အလက်ပြည့်ပြည့်စုံစုံပြန်လည်တင်ပြဖို့သာလိုတာပါ။ အာခံတဲ့သဘောမျိုး ပြောကြဆိုကြမယ်ဆိုရင်တော့ဖြင့် မျက်မှန်စိမ်းနဲ့ကြည့်တဲ့ အမြင်မျိုးနဲ့သာ ဆက်လက်ရှုမြင်သုံးသပ်ခြင်းခံကြရမှာပါ။

ဒီနေရာမှာ တင်ပြပုံနည်းလမ်းက အရေးကြီးတယ်လို့ ရှုမြင်မိပါတယ်။ ဟုတ်ပြီ၊ အစိုးရဖြစ်ချင်တာကတော့ ဒါ။ ဒါပေမယ့် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ လက်ရှိတည်ဆဲမှာ ဒီဥပဒေကတော့ ဒီလိုရှိနေတယ်။ ဒ့ါကြောင့် ဒါကို လုပ်ဖို့မသင့်သေးဘူး။ ဒီတော့ဘာဆက်လုပ်သင့်သလဲ။ ဒီဥပဒေကို ဒီလိုပြင်လိုက်၊ ဒီအပိုင်းလေးကို ဒီလိုလေး ပြန်တည့်မတ်လိုက်။ ဒါဆိုရင်တော့ ဒီလုပ်ငန်းကို ဆက်လုပ်လို့ ရသွားလိမ့်မယ်။ အဲသလိုမျိုး ချိုသာပျော့ပျောင်းတဲ့ နည်းလမ်းနဲ့ ပြန်လည်တင်ပြဆွေးနွေးရင်တော့ဖြင့် ပြဿနာတွေနည်းနိုင်သမျှ နည်းသွားလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

တကယ်တမ်းကျတော့ တချို့နေရာတွေမှာ လေးဆယ်ကျော်အချစ်သီချင်းထဲကလို "အခုတော့ဒီလို မဟုတ်ပါဘဲ" ဆိုတဲ့ကိန်းမျိုး ဆိုက်နေကြပုံရပါရဲ့။ ခိုင်းတယ်၊ မလုပ်ဘူး။ ထပ်ခိုင်းတယ်၊ ပေကတ်ကတ်ပဲ လုပ်နေတယ်။ ဒီတော့ "ကျွန်တော်တို့အစိုးရကို ဘယ်သူတွေက တိုက်ခိုက်နေသဗျ"ဆိုတာမျိုးတွေဖြစ်ကုန်ရော။

အစိုးရဘက်ကရော သူ့မူဝါဒအရ သူအကောင်အထည်ဖော်ချင်တဲ့ ကိစ္စတစ်ခုကို အကောင်အထည်ဖော်ဖို့ မသင့်ဘူးလား၊ သင့်တာပဲ။ ဝန်ထမ်းပိုင်းကရော သူကိုင်စွဲလိုက်နာရတဲ့ ဥပဒေကိုတစ်သဝေမတိမ်းလိုက်နာဖို့ တာဝန်မရှိဘူးလား၊ ရှိတာပဲ။ ဒါပေမယ့် အဓိကလိုအပ်နေတာက အပြန်အလှန် နားလည်ယုံကြည်မှုပါ။

လူကြီးပိုင်းကလည်း ငါတို့ ဒီကိစ္စ၊ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ချင်တယ်၊ အဲဒါ လက်ရှိဥပဒေ၊ နည်းဥပဒေတွေနှင့်ကိုက်ညီအောင် ဘယ်လိုသွားရမလဲဆိုတာကို သက်ဆိုင်ရာဌာနဘက်ကို တင်ပြခိုင်းပြီး အဲဒီဌာနကလည်း ဒီကိစ္စအတွက် ဘယ်ဥပဒေက ဘယ်လိုကန့်သတ်ထားတဲ့အတွက် မဖြစ်နိုင်တဲ့အကြောင်းနှင့် ဘယ်အပိုင်းကို ဘယ်လိုပြင်လိုက်ရင် အဆင်ပြေပြေ ဆက်လက်ဆောင်ရွက်နိုင်မယ်ဆိုတာကို တင်ပြကြရမှာပါ။ ဥပဒေဆိုတာကတော့ လိုအပ်ရင် ပြင်ကြရုံရှိတာပေ့ါ။

ခေတ်အဆက်ဆက်က သူ့ခေတ်၊ သူ့စနစ်အရ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပေါင်းများစွာရှိတဲ့အနက် တချို့တချို့သောဥပဒေတွေက လက်ရှိခေတ်စနစ်နဲ့ မကိုက်ညီတာမျိုးလည်းဖြစ်နိုင်ပါတယ်။ ဒါကိုပဲ ဥပဒေနှင့်မညီလို့ ခိုင်းတာကို မလုပ်နိုင်ပါဘူးလို့ ပြန်လှန်ခွန်းတုံ့နေစရာလိုမယ် မထင်ပါ။ ဥပဒေပြုမဏ္ဍိုင်ကနေတစ်ဆင့် သတ်မှတ်နည်းလမ်းနှင့်အညီ ပြုကြပြင်ကြဖို့ တင်ပြပေးဖို့သာ အရေးကြီးမှာပါ။ ဥပဒေပြုမဏ္ဍိုင်ဆိုတာ လိုအပ်တဲ့ဥပဒေအသစ်တွေ ပြဋ္ဌာန်းနိုင်ဖို့၊ မလိုအပ်တဲ့ဥပဒေတွေကို ပြင်ဆင်၊ ပယ်ဖျက်နိုင်ဖို့အတွက် တည်ရှိနေတာဖြစ်ပါတယ်။

ဥပဒေမပြင်နိုင်သေးခင်တော့ တည်ဆဲဥပဒေကို လိုက်နာဖို့လိုဦးမှာပေ့ါ။ ဒါမှသာ အားလုံးလိုလားနေကြတဲ့ တရားဥပဒေစိုးမိုးရေးဆိုတဲ့ ပန်းတိုင်ကြီးဆီ ရောက်နိုင်ကြမှာပေ့ါ။ ကြည့်ရတာ အဲဒီပန်းတိုင်ကြီးကလည်း တစ်ခါရောက်သွားရုံနဲ့ ပန်းတိုင်ရောက်ပြီဟေ့ဆိုပြီး အောင်ပွဲခံရတဲ့ဟာမျိုးဟုတ်ဟန်မတူပါဘူး။ တည်ဆဲဥပဒေတွေ အားလုံးကို အခုလိုက်နာပြီဟေ့ဆိုတာနဲ့ ဒီနိုင်ငံမှာ တရားဥပဒေစိုးမိုးရေး ကောင်းသွားပြီလို့ ပြောလို့ရဟန် မတူသေးပါဘူး။ အခုလေးစားလိုက်နာသလို နောက်နောင်အစဉ်အဆက်ကာလတွေမှာ ထာဝရလေးစားလိုက်နာနေကြမှသာလျှင် တရားဥပဒေစိုးမိုးရေး ပန်းတိုင်ကိုရောက်ပြီလို့ ပြောလို့ရတယ်နဲ့ တူပါရဲ့။

ဒီနေရာမှာ ဆရာသမားတစ်ယောက်ပြောခဲ့တဲ့စကားလေးကို ပြန်သတိရမိပါရဲ့။ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်လာရင် Rule of Law ကိုပဲ ရည်ညွှန်းတာပါတဲ့။ Rule by Law ကိုမရည်ညွှန်းပါဘူးတဲ့။ ဘာကွာလို့လဲလို့ မေးစရာရှိနေလိမ့်မယ်ဆိုပြီး ဆက်ရှင်းပြပါတယ်။ Rule of Law ဆိုတာကတော့ ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းဆောင်တာတွေကို ဥပဒေတွေနှင့်အညီ မှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်သွားတာတဲ့။ Rule by Law ဆိုတာကတော့ တရားမျှတမှုဆိုတာထက် ကိုယ်ဖြစ်ချင်တဲ့ကိစ္စတစ်ခုကို ကိုယ်ဖြစ်ချင်တဲ့ပုံစံအတိုင်း ဥပဒေတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေထုတ်ပြန်ပြဋ္ဌာန်းပြီးတော့ အဲဒီဥပဒေတွေအတိုင်း အကောင်အထည်ဖော်သွားတာကို ဆိုလိုတာတဲ့။ ဩော်-တူသလိုလိုရှိပေမယ့် အနှစ်သာရကတော့ အတော်ကြီးကို ခြားနားနေတာပါလားလို့ သဘောပေါက်လိုက်မိတယ်။ သေချာတာကတော့ ဒီကနေ့သွားနေတဲ့လမ်းကြောင်းက Rule by Law မဟုတ်ဘူး၊ Rule of Law ပါ။

ဒီဆောင်းပါးမှာ အဓိကတင်ပြချင်တဲ့အချက်က အစိုးရနှင့် ဝန်ထမ်း စိတ်ဝမ်းကွဲရတဲ့အဖြစ်မျိုးဆိုရင် နည်းနည်းလေးမှ လက်မခံသင့်ဘူးဆိုတဲ့အချက်ပါ။ အမှန်က ခန္ဓာကိုယ်တစ်ခုနှင့် တင်စားကြမယ်ဆိုရင် အစိုးရဆိုတာ ဦးခေါင်းတစ်ခုဖြစ်ပြီး ဝန်ထမ်းထုဆိုတာကတော့ ကိုယ်ခန္ဓာတွေ၊ ခြေတွေ၊ လက်တွေပါ။ ဒီနှစ်ခုဟာ ကွဲနေလို့ မရဘူး၊ တွဲကိုနေရမယ်။ ကိုင်းကွာ၊ ကွဲတော့ဘာဖြစ်သလဲလို့ပြောကောင်းပြောလိမ့်မယ်။ ကွဲကြရင်တော့ ခေါင်းနှင့်ကိုယ် အိုးစားကွဲတဲ့ကိန်းဆိုက်မှာပေ့ါလေ။

ဝန်ထမ်းပိုင်းမှာ အားနည်းချက်တွေမရှိဘူးလား။ ရှိမှာပဲ။ ရှိနေမှာပါပဲ။ အခုရော၊ နောင်ရော ရှိနေဦးမှာပါပဲ။ ဒါပေမယ့် အဲဒီအားနည်းချက်တွေကို နည်းနိုင်သမျှနည်းအောင် ပြုပြင်ယူကြရမှာပဲလေ။ ပေကတ်ကတ်လုပ်နေတယ်ဆိုရင်လည်း ပြန်လည်ပြုပြင်တည့်မတ်နိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိနေပါတယ်။ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပြီး ထိုက်သင့်တဲ့အရေးယူမှုတွေပြုလုပ်လိုက်ရုံပါပဲ။

ဒါပေမယ့်လည်း လူ့စွမ်းအားအရင်းအမြစ်ဆိုတာမျိုးက ဒီနေ့မွေး၊ ဒီနေ့ကြီး၊ ဒီနေ့သင်၊ ဒီနေ့တတ်ဆိုတာမျိုး မဟုတ်လေတော့ တစ်ဖြုတ်ဖြုတ်ကြွေနေကြလို့လည်း ဖြစ်မှာမဟုတ်ပါဘူး။ "ငြူသေရင် ငမည်းပေါ်လာလိမ့်မယ်"လို့ ပြောချင်ပြောမှာဖြစ်ပေမယ့် ငြူရော၊ ငမည်းရောသေကုန်ရင်တော့ မခက်ပေဘူးလား။ ဒီတော့ အဆင်မပြေတိုင်း ရှင်းပစ်လို့ကလည်း မသင့်ပြန်ဘူး။ တတ်နိုင်သမျှ ပြန်လည်ပြုပြင်ပြီး လက်တွဲခေါ်ယူသွားခြင်းကသာ အလျော်ကန်ဆုံးနည်းလမ်းဖြစ်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

တချို့ဝန်ထမ်းတွေက မောက်မာနေကြတယ်၊ ထောင်လွှားနေကြတယ်။ အလကားနေရင်း မာန်မာနတွေ တက်နေကြတယ်။ တကယ်တမ်းကျတော့ ဘာမာနမှ တက်နေစရာမရှိပါဘူး။ နိုင်ငံတကာနှင့် မယှဉ်နဲ့ဦး၊ ပြည်တွင်းကိုပဲကြည့်လိုက်။ ပြည်တွင်းမှာမှ စီးပွားရေးလုပ်ငန်းရှင်တွေနှင့် မယှဉ်နဲ့ဦး ပုဂ္ဂလိက ဝန်ထမ်းတွေနဲ့ပဲ ယှဉ်ကြည့်လိုက်။ ဘဏ်တစ်ခုရဲ့ သန့်ရှင်းရေးဝန်ထမ်းတစ်ယောက်က သုံးသိန်းဝန်းကျင်လောက် လစာရနေတဲ့အချိန်မှာ ဝန်ထမ်းလောကရဲ့ အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်က လစာငါးသိန်းပဲရတယ်။ အမြဲတမ်းအတွင်းဝန်ကြီးတွေတောင်မှ ဒီတာဝန်အတွက် ချီးမြှင့်ငွေ ကျပ်နှစ်သိန်းပဲထပ်ရတယ်။ ဒီတော့ အမြင့်ဆုံးဝန်ထမ်းက လစာခုနစ်သိန်းပေ့ါ။ အနိမ့်ဆုံးကျတော့ရော။ ရုံးအကူတစ်ယောက်က ၁၃၀၀၀၀ လောက်ပဲရတယ်။

ဒီလိုပြောလိုက်တော့ ပြောကြပြန်လိမ့်ဦးမယ်။ တရားမဝင်နည်းလမ်းနဲ့ ငွေကြေးတွေရနေတဲ့သူတွေရော မရှိဘူးလားလို့။ ဒါလည်းရှိတော့ရှိတာပေ့ါ။ အဂတိလိုက်စားမှုတွေ မပပျောက်သရွေ့ ရှိနေဦးမှာပေ့ါ။ ရှိနေလို့လည်း ကော်မရှင်ကတော့ဖြင့် ဘယ်ဝန်ထမ်းကို ဘယ်လိုတရားစွဲလိုက်ပါပြီ၊ ဘယ်သူကတော့ ထွက်ပြေးတိမ်းရှောင်နေပြီ၊ ဘယ်သူ့ကိုတော့ဖြင့် ထောင်ဒဏ်ဘယ်နှနှစ်ချမှတ်လိုက်ပြီဆိုတဲ့ သတင်းတွေ ထွက်နေတာပေ့ါ။ ဒါပေမယ့် တရားဝင်လစာထက် ဝင်ငွေပိုရနေတဲ့ ဝန်ထမ်းဆိုတာက လူနည်းစုလက်တစ်ဆုပ်စာမျှသာဖြစ်ပါတယ်။ ဝန်ထမ်းအများစုကတော့ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေကြသူတွေဖြစ်ပါတယ်။ ကိုင်း၊ ပြောရင်းနဲ့ ဘေးကို လမ်းကြောင်းချော်ထွက်သွားပြီလားမသိဘူး။ ဒီနေရာမှာ ပြောလိုတာကတော့ ဝန်ထမ်းမှန်သမျှ ဘာမာနမှ ထားနေစရာ မလိုတဲ့အကြောင်းပါ။

တကယ်တော့ ဝန်ထမ်းပဲဖြစ်ဖြစ်၊ အစိုးရပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ မာန်တွေမာနတွေ ထားနေကြရင်တော့ သိပ်အဆင်ပြေမှာမဟုတ်ပါဘူး။ ဒီမိုကရေစီလှေကြီးကို လှော်လာလိုက်ကြတာ အစိုးရတွေရော၊ လွှတ်တော်တွေရော၊ တရားရေးမဏ္ဍိုင်တွေရော၊ ပြည်သူတွေရော၊ ဝန်ထမ်းတွေရော အားလုံးအားလုံးဆိုပါတော့။ ဒီအချိန်မှာ အရေးအကြီးဆုံးကတော့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ကြဖို့ပါ။

ခရီးကတွင်သထက်တွင်ဖို့လိုနေပြီ။ ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်ဆိုတဲ့အတိုင်း အင်တိုက်အားတိုက် တွန်းလာလိုက်ကြတာ တရွေ့ရွေ့နဲ့တော့ ထိုက်သင့်သလောက်ခရီးပေါက်လာခဲ့ကြပြီ။ အင်း- ပြိုင်တူတွန်းရုံနဲ့လည်း ပန်းတိုင်ကိုရောက်ဖို့က သေချာသေးဟန်မတူပါဘူး။ တွန်းကြတဲ့ ဦးတည်ရာချင်းကလည်း တူနေဖို့လိုဦးမယ်လို့ ထင်တယ်လေ။ ဘက်ပေါင်းစုံကနေ၊ ဦးတည်ရာပေါင်းစုံနဲ့ ဝိုင်းတွန်းနေကြရင် မခက်ပေဘူးလား။ ဒီလိုအမျိုးမျိုး အဖုံဖုံ လျှောက်တွန်းနေကြရင် ရွေ့တော့ရွေ့မှာပေ့ါ၊ အားကြီးတဲ့ဘက်ကိုတော့ ရွေ့မှာပေ့ါ။ ဒါပေမယ့် အားလုံးပြိုင်တူ၊ ဦးတည်ရာ တစ်ခုတည်းဆီ ဝိုင်းတွန်းကြသလောက်တော့ အရွေ့မြန်မှာမဟုတ်ဘူးပေ့ါလေ။

ဒီတော့ ဘယ်သူ့ဘယ်သူကိုမှ သံသယပွားနေတာမျိုး မလုပ်ဘဲ အားလုံးယုံယုံကြည်ကြည်နဲ့ ရှေ့ကိုချီတက်ကြမယ်ဆိုရင်တော့ ပိုကောင်းမှာပေ့ါ၊ ကောင်းမှာပေ့ါလေ။ အမှန်ကတော့ ဒီအချိန်က အရေးကြီးနေပါပြီ။ အားလုံးမျှော်လင့်နေကြတဲ့ ခေါင်းဆောင်မှုအောက်ကိုလည်း ရောက်နေပြီ။ ပြည်သူတွေချစ်တဲ့ သူတွေကလည်း သူ့နေရာနှင့်သူ ရနေကြပြီ။ ဒီလိုအခါမျိုးမှာ ရှေ့ကိုတိုးရမယ့်အစား ဘယ်သူကတော့ဖြင့် သိပ်မယုံရဘူး၊ ဘယ်သူကတော့ဖြင့် သိပ်မစွံပါဘူးကွာဆိုတဲ့ သံသယစကားမျိုးထက် ယုံယုံကြည်ကြည် ဦးတည် ချီတက်လိုက်ကြမယ်ဆိုရင် မကောင်းပေဘူးလားလို့ တွေးမိတဲ့အတွက် အခုလိုရေးသားတင်ပြရခြင်းဖြစ်ပါတယ်။ စေတနာမှန်ပြီး အရေးအသားအသုံးအနှုန်းလွန်တာရှိကလည်း ဝန္ဒာမိပါလို့ ကြိုတင်တောင်းပန်လိုက်ပါတယ်ခင်ဗျာ။

အချုပ်အားဖြင့်တင်ပြလိုတာကတော့ အစိုးရနှင့် ဝန်ထမ်း၊ အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် ဝန်ထမ်း အချင်းချင်းကြားမှာ အားလုံး ယုံကြည်မှုတွေတည်ဆောက်နိုင်ကြပြီး အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီရေးဖွဲ့ခဲ့တဲ့အတိုင်း "လယ်တွင်းသား၊ ပြည်တော်သား၊ အသည်သား၊ မင်းမှုထမ်း၊ တစ်စိတ်ဝမ်း တစ်လက်ညီ၊ ပြည်ရေးကိုပြိုင်တူချီ" နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်ခင်ဗျာ။ ။

# မောင်တောဒေသ၌ ကုန်ပစ္စည်းများ ပုံမှန်ရောင်းချလျက်ရှိ



**မောင်တော မတ် ၁၉**

မောင်တောဒေသ၌ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများမြင့်တက်ခဲ့ရာမှ ယခုအခါတွင် ရောင်းဝယ်ဖောက်ကားမှုများ ပုံမှန်ဖြစ်လာ၍ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ ပုံမှန်ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချလျက်ရှိကြောင်း မောင်တောမြို့ အသားငါးနှင့် အသီးအရွက်ဈေးမှ သိရသည်။

"အကြမ်းဖက်ဖြစ်စဉ်တွေ ဖြစ်ပွားနေတဲ့အချိန် ကုန်ပစ္စည်းတွေ ပြတ်လပ်သွားတာရယ်၊ အရောင်းအဝယ် မလုပ်တော့ဘဲ ပိတ်ထားတဲ့ဆိုင်တွေများတဲ့အတွက် ဈေးနှုန်းက အဆမတန်တက်သွားတယ်၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေကြောင့်လည်း ကုန်ဈေးနှုန်းတက်တာဖြစ်ပါတယ်၊ အသား၊ ငါးနဲ့ အသီးအရွက်ဈေးနှုန်းတွေ တက်လာတယ်၊ စားသုံးကုန်နဲ့ လူသုံးကုန်ဆိုရင် ဖြစ်စဉ်တွေဖြစ်နေတဲ့အခြေအနေမှာ စားသုံးကုန်က ပိုပြီးလိုအပ်တယ်လို့ ထင်ပါတယ်၊ ဒါကြောင့် အခြေခံစားသောက်ကုန်တွေ ဈေးတက်ရတာ ဖြစ်ပါတယ်၊ ဒီမှာ နယ်စပ်ကဝင်တဲ့ပစ္စည်းတွေကလည်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**

## MFF Open Cup ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ Hopan အသင်း၊ Comrade အသင်း၊ UM အသင်း၊ MMU Exclamation အသင်းနှင့် Titans XII အသင်းတို့ နိုင်ပွဲများရခဲ့သည်။

ယနေ့တွင် အုပ်စု(ဃ၊ င၊ စ)ပွဲများ ဆက်လက်ကျင်းပခဲ့ပြီး Comrade အသင်းက Old Man အသင်းကို သုံးဂိုး-ဂိုးမရှိ၊ UM အသင်းက Powerful အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ MMU Exclamation အသင်းက Arch-Rival အသင်းကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**

## အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၉**

၂၀၁၈ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားအမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲအုပ်စု စတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ နိုင်ပွဲများရယူနိုင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းမှာ သုံးပွဲဆက်အနိုင်ရခဲ့သည်။

စတုတ္ထနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တပ်မတော်(ရေ)အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းသည် သုံးပွဲဆက်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေးပိုကောင်းလာခဲ့သည်။ တပ်မတော်(ရေ)အသင်းသည် ပွဲအစပိုင်းသာ ရန်ကုန်တိုင်းဒေသကြီးအသင်းဘက်သို့ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**



**ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တပ်မတော်(ရေ)အသင်း ယှဉ်ပြိုင်နေစဉ်။** *ဓာတ်ပုံ-စိုးညွန့်*

